မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၁၅)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျာမနီနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် မေ ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ အခြေစိုက်သော ဥရောပသမဂ္ဂပါလီမန်ဥက္ကဋ္ဌ မစ္စတာ မာတင်ရှု၏ ဖိတ်ကြားချက်အရ ဂျာမနီနိုင်ငံ ဟန်ဆိုင်ဒယ်ဖောင်ဒေးရှင်း၏အစီအစဉ်ဖြင့် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံလွှတ်တော်များသို့ လေ့လာရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးသာ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းဝါနုနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံလွှတ်တော်များသို့ လေ့လာရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

(OIAC-2) Boarding & Private School (နေပြည်တော်)ဖွင့် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ချီးမြှင့်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း Our Inspiration Academic Center (OIAC-2) Boarding & Private School(နေပြည်တော်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၆

Our Inspiration Academic Center (OIAC-2) Boarding & Private School (နေပြည်တော်)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ် (၂၈) (၁)လမ်းနှင့် (၆)လမ်းထောင့်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း တက်ရောက်ချီးမြှင့်သည်။

အစီအစဉ်အရ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ Original Group ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူ ဦးသာဌေးနှင့် (OIAC-2) နာယက ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် သျှားညို တို့က (OIAC-2) Boarding & Private School (နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ လှည့်လည်ကြည့်ရှုကြသည်။

(OIAC-2) Boarding & Private School (နေပြည်တော်)တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသားကျောင်းသူများအား ဝါရင့်ဆရာ ဆရာမကြီးများဦးစီး၍ အနီးကပ်ကြပ်မတ် သင်ကြားပေးသွားမည်ဖြစ်သည်။ ကျောင်းအဆောက်အအုံမှာ နှစ်ထပ်ဖြစ်ပြီး မြေနေရာအကျယ်အဝန်း (၇ ဒသမ ၁၉)ဧကပေါ်၌ လေးယောက်အိပ်ခန်း (၁၀)ခန်းတွဲ လေးထပ်အိပ်ဆောင်အပါအဝင် ဘုရားခန်း၊ ထမင်းစားခန်း၊ ကွန်ပျူတာခန်း၊ ဧည့်ခန်းမနှင့် ဆေးခန်းများ ပါဝင်ဆောက်လုပ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၇ ရက်)

လူငယ်စွမ်းရည် ရှေ့သို့ချီ

မနက်ဖြန်မေလ(၈)ရက်နေ့သည်ကား ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်၏။ နှစ်စဉ်မေလ(၈)ရက်နေ့ရောက်တိုင်း ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားများ ကမ္ဘာတစ်ဝန်းကျင်းပလေ့ရှိသည်။ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် မေတ္တာ၊ ကရုဏာ၊ စေတနာတို့ဖြင့် စွမ်းစွမ်းတမံ ပါဝင်ကူညီပေးကြသော ကြက်ခြေနီမောင်မယ်တို့အား ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်ပေသည်။

နှစ်စဉ် ကြက်ခြေနီနေ့ ဆောင်ပုဒ်တစ်ခုခုကို သက်ဆိုင်ရာက ထုတ်ပြန်လေ့ရှိသည်။ ယင်း ဆောင်ပုဒ်သည် ကြက်ခြေနီလူငယ်မောင်မယ်များ၏ သဘောထားကို ထင်ဟပ်စေသည်။ ၂၀၁၂ ခုနှစ်အတွက် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်မှာ **Youth On The Move** လူငယ်စွမ်းရည်ရှေ့သို့ချီ ဖြစ်၏။ ကြက်ခြေနီလူငယ်မောင်မယ်တို့၏ စွမ်းပကားဖြင့် ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင် ကူညီဆောင်ရွက်ရေးအတွက် တိုက်တွန်းဆော်ဩလိုက်သည့် သဘောပင်ဖြစ်၏။

မြန်မာနိုင်ငံတွင်ကြက်ခြေနီမောင်မယ်များအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်ပေးနေကြသူများပင်ဖြစ်သည်။ ကြက်ခြေနီမောင်မယ်များသည် အသက်ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ပေးနေကြသူများပင်ဖြစ်၏။ အထူးသဖြင့် ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မီးလောင်ခြင်းစသော သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင်စေတနာရှင်နှင့် ကရုဏာရှင်များအဖြစ် ပါဝင်ကူညီပေးလျက်ရှိကြသည်။

စင်စစ်အားဖြင့် မြန်မာ့ကြက်ခြေနီမောင်မယ်များသည် ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူများပင်ဖြစ်သည်။ ကြက်ခြေနီမောင်မယ်များသည် ကမ္ဘာ့သမိုင်းနှင့်ချီ၍ လူမှုကရုဏာစောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက်ကြွကြွဆောင်ရွက်ကြသူများပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကျရောက်တိုင်း ကယ်ဆယ်ရေးလုပ်ငန်းများကို ထိပ်ဆုံးမှ ပါဝင်ကူညီပေးလေ့ရှိကြသည်။

ဤသို့သဘာဝဘေးအန္တရာယ်များနှင့် လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့သော ကြက်ခြေနီမောင်မယ်တို့အား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ၁၉၇၇ ခုနှစ်မှစ၍ နှစ်စဉ်စံပြကြက်ခြေနီများအဖြစ် ချီးကျူးဂုဏ်ပြုခဲ့ကြောင်းသိရသည်။ ၁၉၉၃ ခုနှစ်မှာတော့ စံပြကြက်ခြေနီအစား ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲအဖြစ် အမည်ပြောင်းလဲကာ ဂုဏ်ပြုပွဲများကျင်းပပြီး ချီးကျူးဂုဏ်ပြုလေ့ရှိသည်။

တစ်နည်းအားဖြင့် ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲသည် ယင်းတို့၏ဒေသအလိုက် ကွဲပြားခြားနားသည့် စွမ်းဆောင်ရည်များက ကျွမ်းကျင်မှုများ၊ အောင်မြင်မှုများ၊ အတွေ့အကြုံများ၊ အခက်အခဲများကို အချင်းချင်း ဖလှယ်၍ ဘေးဒုက္ခကျရောက်လွယ်သူများနှင့် ဘေးဒုက္ခကျရောက်နေသူများအား ထိထိရောက်ရောက် ကူညီပေးနိုင်ရန်အတွက်လည်း ကျင်းပပေးခြင်းဖြစ်သည်။ ယခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ထူးချွန်ကြက်ခြေနီ ၁၀၅ ဦးအား ထူးချွန်ကြက်ခြေနီတံဆိပ်နှင့်ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် လူမှုကရုဏာစောင့်ရှောက်မှုလုပ်ငန်းများတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော ကြက်ခြေနီမောင်မယ်များအား ဂုဏ်ပြုချီးကျူးရမည်ဖြစ်သလို ကြက်ခြေနီမောင်မယ်များကလည်း လူငယ်စွမ်းရည်ရှေ့သို့ချီဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူများအကျိုးအတွက် ကြက်ခြေနီစွမ်းပကားဖြင့် ဆတက်ထမ်းပိုး သယ်ပိုးစွမ်းဆောင်ကြရမည်သာဖြစ်ပါကြောင်း ကမ္ဘာ့ကြက်ခြေနီနေ့ကိုဂုဏ်ပြုလျက် ရေးသားလိုက်ရပါသည်။ ။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၂ ရက် နံနက်ပိုင်းက ဒီပဲယင်းမြို့နယ် စိုင်ပြင်စံပြကျေးရွာအနီး၌ ကင်းတပ်လက်ယာမြောင်းမကြီး သဲနုန်း ဆယ်ယူနေမှု၊ မြရိပ်-စိုင်ပြင်လမ်း မြေသားတာပေါင်တိုးချဲ့နေမှု၊ ကုန်းကြီးကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ထုတ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လက်ယက္ကုံးကျေးရွာ၊ မူးခတွင်းကျေးရွာနှင့် ညောင်လှကျေးရွာ ဒေသခံများနှင့် တွေ့ဆုံသည်။

ပေးအပ်

ယင်းနောက် နများကျေးရွာ ပညာ့ဂုဏ်ရောင် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ပြီး စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ သုတ၊ ရသ၊ ဂျာနယ်၊ စာစောင်များ၊ ဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ SKY NET ရုပ်မြင်သံကြားဖမ်းစက်နှင့် ပြစက်များ ပေးအပ်သည်။

ထိုမှတစ်ဆင့် ရေဦးမြို့နယ် မုတ်စီကျေးရွာ တောင်သူဦးချစ်ရွှင်၏ ရွှေသွယ်ရင်စပါးခင်း၌ စုပေါင်းမြေဩဇာ ကြဲပက်နေမှု၊ ရေဦး-တမာတောကျေးလက်လမ်း၊ တမာတောကျေးရွာ တိုက်နယ်ဆေးရုံနှင့် တန့်ဆည်မြို့ သီရိကန် သဲနုန်းတူးဖော်နေမှု၊ တာပေါင် ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မေ ၃ ရက် နံနက်ပိုင်းက ခင်ဦးမြို့ မြို့မဈေးကို ကြည့်ရှုစစ်ဆေးပြီး ဈေးသန့်ရှင်းသာယာလှပရေး မှာကြားသည်။

ထို့နောက် ခင်ဦးမြို့ရှိ မြန်မာ့မီးရထား ကွန်ကရစ်ဇလီဖားတုံး စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ခင်ဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးပဒေသာပင် အလှူငွေများ ထောက်ပံ့ပေးအပ်ကာ ရေဦး-ခင်ဦး ကားလမ်း လမ်းပခုံးသား ချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခင်ဦးမြို့နယ် ရှင်မင်းဒွေကျေးရွာ သုတရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲ၊ ရှင်မင်းဒွေကွန်ကရစ်တံတားဖွင့်ပွဲနှင့် သရက်ကုန်းစံပြကျေးရွာ မုခ်ဦးဖွင့်ပွဲ အခမ်းအနားများ တက်ရောက်ပြီး သရက်ကုန်းစံပြကျေးရွာရှိ လမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ကျေးရွာစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ခင်ဦးမြို့နယ် သာဂရ-မြို့သစ်-ကံကြီးကုန်း-ရွှေယမင်း-သိမ်တော်-ရွှေဘို-ရေဦးလမ်း လမ်းခင်းနေမှု၊ ရွှေဘို-ရေဦးလမ်း အမာခံကျောက်လမ်း ခင်းထားမှု၊ မိုင်တိုင်အမှတ် (၁၆)ရှိ တံတားအမှတ် (၁/၁၇)ကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညောင်ပင်ကြီးစုကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေးသိပ္ပံ(ရွှေဘို)၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများနှင့်လည်းကောင်း၊ ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာ၌ ဒေသခံပြည်သူများနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် တိပိဋကလင်္ကာရ စာသင်တိုက်၌ မေ ၆ ရက်က မဟာသိမ်တော်ကြီး ဆောက်လုပ်နိုင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပရာ ၁/ထူပါရုံ ရပ်ကွက်နေ အေးရတနာရွှေလုပ်ငန်း ဦးအေးလွင်၊ ဒေါ်အေးအေးဝေ မိသားစုက အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။ (၀၂၀)

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

နေပြည်တော် မေ ၆

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်က အမှာစကားပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည်များ ပြသကြပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အလှူငွေကျပ် ငါးသိန်းကို လည်းကောင်း၊ တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများကိုလည်းကောင်း ချီးမြှင့်ခဲ့ကြသည်။

အလားတူ (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကမ်ဒိုလျန်က ဓာတုမီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်မြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်း

ပြည် မေ ၆

ပြည်မြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ စာအုပ်စာစောင်လှူဒါန်းပွဲကို (ကဆုန်လပြည့်နေ့) မေ ၅ ရက် ညနေ ၅ နာရီက ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် မဟာသုခဇောတိကကျောင်းတော်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ သုတ၊ ရသ၊ ဂျာနယ်၊ မဂ္ဂဇင်းစာအုပ် စာစောင် ၁၈၀၀ ကို နိုင်ငံတော်ဩဝါဒါစရိယ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလဇောတိနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရဓဇတို့ထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)**

ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင် ပုသိမ်မြို့၌ကျင်းပသော (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မေ ၃ ရက်က ကြည့်မြင်တိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ဝန်ထမ်းများအား တန်ဖိုးငွေကျပ် ၆၇၄၅၀၀ တန်ဖိုးရှိ တူညီဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲထွေးက ပေးအပ်ရာ ဒုတိယဦးစီးမှူး ဒေါ်ခင်ထားနွယ်က လက်ခံယူစဉ်။ (၀၄၂)

ရှုမြင်ခံစား ရုပ်မြင်သံကြား

မြန်မာ့ရုပ်မြင်သံကြား

၇-၅-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်

၇:၃၀ နံနက်ခင်းသတင်း
၈:၁၀ **အမွန်မြတ်ဆုံးလက်ဆောင်**
၈:၃၅ တိုင်းရင်းသားရိုးရာ တေးသံသာ
၈:၄၀ International News

ညပိုင်း

၄:၀၀ စစ်ချီတေး၊ စစ်သည်တေး
၄:၃၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား
သင်ခန်းစာ -ဒုတိယနှစ် (အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၀၀ မြန်မာစာ၊ မြန်မာစကား
၅:၂၀ **နိုင်ငံ့ဝင်ငွေတိုးတက်ဖွေရှာရေထဲကမြန်မာ့ပုလဲရတနာ**
၅:၃၀ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ညနေခင်းသတင်း
၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ချမ်းမြေ့ပျော်ရွှင်** (ဇာတ်သိမ်းပိုင်း)
၈:၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- ကမ္ဘာကျော်သရုပ်ဆောင်များ
- နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ချစ်သမီး** (အပိုင်း-၃)
- အိန္ဒိယရုပ်ရှင် **နှုတ်ကြောင့်သေ လက်ကြောင့်ကြေ** (အပိုင်း-၁)

MRTV-4

၇-၅-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၂၀ MRTV-4 သတင်း
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၈)
၁၁:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (ဇာတ်သိမ်းပိုင်း)
၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၄)
၃:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၈)
၅:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (ဇာတ်သိမ်းပိုင်း)
၆:၀၀ MRTV-4 သတင်း
၆:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၅)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၉)
၁၀:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁)
၁၁:၂၀ အနုပညာမိုးကောင်းကင်
၁၁:၃၅ **'ဝ'**တာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)

မဟာမုနိဘုရားကြီးနှင့် စွယ်တော်မြတ်စေတီတော်တို့၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ညောင်ရေသွန်းလောင်းပူဇော်

နေပြည်တော် မေ ၆

မန္တလေးမြို့ မဟာမုနိဘုရားကြီးနှင့် စွယ်တော်မြတ်စေတီတော်တို့၌ ညောင်ရေသွန်းလောင်းပူဇော်ပွဲများကို မေ ၅ ရက်ကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီးတို့ ဦးဆောင်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ မဟာမုနိဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့၊ ဩဒိဿဥဒ္ဒကဒါန ရေကြည်တော်အဖွဲ့၊ ဓမ္မစကြာဝတ်အသင်းနှင့် ပြည်သူများက ဘုရားကြီးဝင်းအတွင်းရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ် စွယ်တော်မြတ်စေတီတော်ဝင်းအတွင်းရှိ မဟာဗောဓိပင်အား လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများ၊ ဘုရားဖူးလာပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်းပူဇော်ကြပြီး ဗုဒ္ဓရုပ်ပွားတော်အားပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်ကပ်ပူဇော်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေပြည်သာ၌ ညောင်ရေသွန်းလောင်း

ရွှေပြည်သာ မေ ၆

သက္ကရာဇ် ၁၃၇၄ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ သမိုင်းဝင် သာစုကန် ဆံတော်ရှင်စေတီတော်မြတ်ကြီးနှင့် မြို့ဦး ဆုတောင်းပြည့်စေတီတော်ကြီးတို့တွင် မေ ၅ ရက် နံနက်ကကျင်းပသည်။ ညောင်ရေသွန်းလောင်းပွဲ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်နီးရပ်ဝေးမှပြည်သူများတို့သည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို ဆက်ကပ်ပူဇော်လှူဒါန်းခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဘုရားဂုဏ်တော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်း၊ ဗောဓိညောင်ပင်အား ရေစင်သွန်းလောင်းခြင်း **(အပေါ်ပုံ)**၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ပြီး ဒါန၊ သီလ၊ ဘာဝနာကောင်းမှု ကုသိုလ်တရားများ ရယူခဲ့ကြကြောင်း သိရှိရသည်။

(၁၆၆)

ရမည်းသင်းမြို့နယ်၌ ကဆုန်ညောင်ရေသွန်းလောင်း

နေပြည်တော် မေ ၆

နှစ်စဉ်နှစ်တိုင်း ရိုးရာအစဉ်အလာနှင့် မြတ်ဗုဒ္ဓအား ညွတ်တွားကော်ရော် ဂါရဝပြုသည့် အလေ့အထကောင်းတို့ဖြင့် ထုံမွှမ်း တန်ဆာဆင်အပ်သော ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပွဲတော်ကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် သိမ်ကုန်း(စံပြ) ကျေးရွာ၌ မေ ၅ ရက် ညနေပိုင်းက သဒ္ဓါညီတူပေါင်းစုကူကာ ညီညာယှဉ်တွဲ တူဆင်နွှဲခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

သိမ်ကုန်း(စံပြ) ကျေးရွာအတွင်းရှိ ရပ်ကွက်(၁၃)ရပ်ကွက်မှ အင်အား ၁၅၀၀ ခန့်ရှိသော ဗုဒ္ဓဘာသာနွယ်ဝင် အမျိုးကောင်းသားသမီးတို့ ပေါင်းစုစည်းကာ ဆင်ယင်ခဲ့သည့် မြန်မာလူမျိုးတို့၏ စည်းလုံးညီညွတ်မှုနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်း ဓလေ့ထုံးစံကောင်းကို အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို ပကတိဖော်ကျူးပြသလျက်ရှိသည့် အဆိုပါ ကဆုန်ညောင်ရေသွန်းပွဲတော်အား နှစ်စဉ်နှစ်တိုင်း ဒေသဆိုင်ရာ ဓလေ့ထုံးတမ်းနှင့်အညီ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ဟိုပင် မေ ၆

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသောရပ်ကွက်၊ ကျေးရွာများအတွင်းရှိ လေဘေးသင့်မိသားစု ၇၁ စုကို မြေ ၂၉ ရက် မွန်းလွဲပိုင်းက ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ပေးပို့သော ထောက်ပံ့ရေးပစ္စည်း မိသားစု အိတ် ၃၃ အိတ်၊ မီးဖိုချောင်သုံးသေတ္တာ ၃၃ လုံး၊ ကြိုးခွေ ၃၃ ခွေတို့ကို ဟိုပင်မြို့နယ်ခွဲ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးဇော်အေးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဝေငှပေးခဲ့သည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ဒုတိယဝန်ကြီး ဦးအေးကြူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၏ ပညာရေးကဏ္ဍလုပ်ငန်းဆောင်ရွက်မှုများကိုလေ့လာရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးနှင့်အတူ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံတောင်ကြီးဒေသတည်သီး ဈေးကောင်းနိုင်

သတင်းမှတ်စုနှင့်ဓာတ်ပုံ - သူရ(တောင်ငူ)

တောင်ငူ မေ ၆

သံတောင်ကြီးဒေသထွက် တည်းသီးများသည် ဇွန်၊ ဇူလိုင်လများတွင် လှိုင်လှိုင် ပေါ်လေ့ရှိရာ ယခုအခါ လက်ရှိကုန်စိမ်းဈေးကွက်အတွင်းသို့ ပေါ်ဦးပေါ်ဖျား တည်းသီးအနု(အငယ်စား)များသာ ဝင်ရောက်လျက်ရှိသည်။ တည်းသီးအနုအရင့် အကြီးအသေးအရွယ်အစားအလိုက် တည်းသီးဈေးနှုန်းကွာခြားမှုရှိပြီး ယမန်နှစ် တည်းသီးဈေးနှုန်းများမှာ (၈ ပြည်ဝင်သံပုံး) တစ်ပုံးလျှင် တည်းခြံ ကောက်ဈေး ပထမအဆင့် အလုံးကြီး(ရှယ်)တစ်ပုံး ငွေကျပ် ၁၂၀၀၀၊ ဒုတိယအဆင့် အလုံးကြီးတစ်ပုံး ငွေကျပ် ၁၀၀၀၀၊ တတိယအဆင့်အလုံးသေးတစ်ပုံး ငွေကျပ် ၇၀၀၀ ဖြင့် အသီးသီးရောင်းချရပြီး တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀၊ တစ်လုံးချင်း ၅၀ မှ ၁၀၀ အထိ ဈေးနှုန်းများရှိခဲ့ကြောင်း သိရသည်။

ဈေးကောင်းလာ

"ကျွန်တော်တို့ သံတောင်ကြီးဒေသမှာ ဧပြီလပထမပတ်လောက်က လေပြင်း တိုက်ခတ်သွားတာတွေကြောင့် တည်းဖူးတွေ၊ အပွင့်တွေကြွေကျလေလွင့်ကုန်ပါတယ်။ နောက်ပြီး အခုလိုတည်းပွင့်တွေဝေနေတဲ့အချိန်မှာ သင်္ကြန်မတိုင်ခင်ပဲဖြစ်ဖြစ်၊ သင်္ကြန်တွင်းမိုးပဲဖြစ်ဖြစ် ပုံမှန်မိုးတစ်ပြိုက်နှစ်ပြိုက်လောက်ကောင်းကောင်း ရလိုက်မှ အသီးပိုတင်တာ၊ အခုတော့ ဘာမိုးမှမရွာတော့ တည်းပင်တွေ တော်တော်များများ အပွင့်ကြွေ အပွင့်ခြောက်တာတွေဖြစ်ပြီး ပျက်စီးကုန်လို့ တည်းသီး မသီးသလောက်ကိုဖြစ်ကုန်တယ်၊ ဒါကြောင့် ဒီနှစ်တော့ ဇွန်၊ ဇူလိုင်လအတွင်း တည်းသီးလှိုင်လှိုင်ပေါ်မယ့်အချိန်မှာ တည်းသီးရှားနိုင်တဲ့အတွက် ဈေးကောင်းလာနိုင်ပါတယ်" ဟု သံတောင်ကြီးမြို့သစ် တောင်ယာခြံများတွင် တောင်ယာစိုက်ပျိုးလုပ်ကိုင်သူ တောင်သူတစ်ဦးက ပြောကြားသည်။

ကြားညှပ်စိုက်ပျိုး

တည်းပင်သည်စတင်စိုက်ပျိုးချိန်မှာ အပင်သက် ရှစ်နှစ်သားအရွယ်တွင် အသီးစတင်ဆွတ်ခူးနိုင်ကာ ၁၀ နှစ်သားမှ ၁၅ နှစ်သားအရွယ်သည် အသီးတင်နှုန်း အကောင်းဆုံးအချိန်များဖြစ်ပြီး ဂရုစိုက်ပြုစုနိုင်ခြင်းအပေါ်မူတည်၍ အပင်သက် ၃၅ နှစ် ဝန်းကျင်အထိ အသီးခူးနိုင်ကြောင်း၊ ပေ ၃၀ ကျော်အထိရှိသောအမြင့်ပေမျိုးဖြစ်ပြီး အပူဒဏ်ကို မခံနိုင်သောကြောင့် တည်းသီးပင်ချည်းဧကလိုက် သီးသန့်စိုက်ပျိုးခြင်းနည်းပါးကြောင်း၊ အပင်မြင့်၍ အရိပ်ရနိုင်သော ရော်ဘာပင်ကဲ့သို့သော နှစ်ရှည်ပင်မျိုးများနှင့် ကြားညှပ် စိုက်ပျိုးကြကြောင်း တစ်ရာသီတွင် တည်းတစ်ပင်မှ တည်းသီး နှစ်ပုံးမှ သုံးပုံးအထိ ထွက်ရှိကြောင်း သိရှိရသည်။

တည်းသီးများ ဝေဆာစွာ သီးနေသည်ကို တွေ့ရစဉ်။

နွေစပါးရိတ်သိမ်းရာသီတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ယခုအခါ စိုက်ပျိုးထားသော နွေစပါးများ ရိတ်သိမ်းလျက်ရှိပါသည်။

၂။ နွေစပါးရိတ်သိမ်းရာသီသည် မိုးဦးကျကာလသို့ ရောက်ရှိလာပြီဖြစ်ပါ၍ မိုးရွာသွန်းနေစဉ် စပါးရိတ်သိမ်းမှုကို မပြုလုပ်ရန်။

၃။ မိုးရွာသွန်းမှုနှင့် တိုက်ဆိုင်နေပါက မရိတ်သိမ်းရသေးသောစပါးခင်းရှိ စပါးစေ့များသည် ရိတ်သိမ်းပြီးကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့်ဆုံးရှုံးမှုသက်သာသဖြင့် မိုးရွာပြီးသည်အထိ စောင့်ဆိုင်းပြီးမှသာ ရိတ်သိမ်းကြရန်။

၄။ စပါးကောင်းမှ ဆန်ကောင်းရမည်ဖြစ်၍ ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ ရိတ်သိမ်းပါရန်။

၅။ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မရိတ်သိမ်းနိုင်သည့် နေရာဒေသများတွင် ရိတ်သိမ်းပြီး ကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။

၆။ ရိတ်သိမ်းရာတွင် တလင်းပျောက်စနစ်ကို ကျင့်သုံး၍ နီးစပ်ရာကုန်းမြင့်နေရာရွေးချယ်ပြီး စပါးခြွေလှေ့စက်အသုံးပြု၍ ချက်ချင်းခြွေလှေ့ပါရန်။

၇။ စပါးခြွေလှေ့ခြင်းကို ကျေးရွာရှိ ရိတ်သိမ်းခြွေလှေ့စက်များအားစုစည်း၍ စွမ်းအားပြည့်ဆောင်ရွက်ပါ။ လိုအပ်ပါက နီးစပ်ရာစက်မှုလယ်ယာဦးစီးဌာန၏အကူအညီကို ရယူဆောင်ရွက်ရန်။

၈။ မိုးရွာသွန်း၍ ခြွေလှေ့ရန်အချိန်မမီပါက ကောက်လှိုင်းများကို အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။ ရွှေ့ပြောင်းရန်အချိန်မမီပါက ကောက်လှိုင်းစည်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ရပ် စုပုံထားပေးရန်။ လိုအပ်ပါက ယာယီအမိုးအကာဖုံးအုပ်ပေးရန်။

၉။ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့် လည်းကောင်း၊ အင်အားစုဖွဲ့စနစ်ဖြင့်လည်းကောင်း လူအင်အားအပြည့်အဝဖြင့် စီမံဆောင်ရွက်ရန်။

၁၀။ မိုးမိလျှင် အစိုဓာတ်ကြောင့် စပါးများအစေ့အောက်ခြင်း၊ အရည်အသွေးကျဆင်းခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သဖြင့် ခြွေလှေ့ပြီးစပါးများကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းအထိရရှိအောင် အခြောက်ခံရန်၊ လိုအပ်သော အစိုဓာတ်ပါဝင်မှုကို အစိုဓာတ်တိုင်းကိရိယာများဖြင့် အသုံးပြုစစ်ဆေးရန်။

၁၁။ လိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာနတွင် အစိုဓာတ်တိုင်းကိရိယာများရရှိရေးဆက်သွယ်ဆောင်ရွက်ရန်။

၁၂။ အခြားလိုအပ်သောအကူအညီများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီရယူဆောင်ရွက်ရန်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မကွေးတိုင်းဒေသကြီး၌ မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

နေပြည်တော် မေ ၆

မကွေးတိုင်းဒေသကြီး (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီခွဲက မကွေးခရိုင်အားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအန့်ဇော်က အမှာစကားပြောကြားပြီး အကောင်းဆုံးမီးသတ်စခန်းဆုရ မကွေးမြို့နယ်၊ မီးသတ်တပ်ဖွဲ့နေ့စစ်ရေးပြပြိုင်ပွဲဆုရ မြင်သာရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့၊ အပေါ့စားမီးသတ်စက်ပြိုင်ပွဲဆုရ မင်းဘူးမြို့နယ် အမှတ်(၃)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့တို့အား ဆုချီးမြှင့်သည်။

ထို့နောက် မီးသတ်စွမ်းရည်နှင့် အသက်ကယ်စွမ်းရည်များ သရုပ်ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ပခုက္ကူ၌ကျင်းပ

ပခုက္ကူ မေ ၆

ပခုက္ကူမြို့နယ် (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက ခရိုင်မီးသတ်စခန်းဝင်း၌ကျင်းပရာ တူညီဝတ်စုံပြိုင်ပွဲ၊ ကြိုးချည်နည်းပြိုင်ပွဲ၊ ခါးပတ်ချည်နည်း၊ ကြိုးကူးနည်းနှင့် ကြိုးကူးနည်းပြိုင်ပွဲများ၌ ဆုရရှိသူများအား ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အသက်ကယ်နည်းစနစ်သရုပ်ပြသခြင်း၊ ကြိုးတစ်ချောင်းတက်သရုပ်ပြခြင်း၊ ရိုးရိုးဆင်း၊ ဇောက်ထိုးဆင်း၊ အပြေးဆင်းသရုပ်ပြခြင်း၊ ကြိုးကူးနည်း၊ ရှဉ့်ကူးနည်း၊ မျောက်ကူးနည်းစနစ်များ၊ ပက်လက်ကူးနည်းစနစ်၊ လူနာပါရိုးရိုးဆင်းနည်းများ သရုပ်ပြပြီးနောက် ဆီ မီးလောင်မှုကို ငြိမ်းသတ်ခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပူတာအို၌ စာကြည့်တိုက်ပန္နက်တင်

ပူတာအို မေ ၆

ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု အောက်ရှန်ဂေါင်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် ဖုန်ကန်စာကြည့်တိုက် ပန္နက်တင်အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါစာကြည့်တိုက်မြေနေရာ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးဖုန်ဇီးဒီး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမန်ခူအောင်ရမ်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆာရ်ဝမ်ယောရှုနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များနှင့် စာကြည့်တိုက်ကော်မတီဝင်များက မင်္ဂလာချိန်ကျရောက်သည်နှင့် ပန္နက်တင်ပေးကြသည်။

အဆိုပါစာကြည့်တိုက်ကို အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေ၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ဂျပန်၌ နှင်းမုန်တိုင်းများတိုက်ခတ် တောင်တက်သမားရှစ်ဦး သေဆုံးဖွယ်ရှိ

တိုကျို မေ ၆

ဂျပန်နိုင်ငံမြောက်ပိုင်း အဲတောင်တန်းပေါ်တွင် မေ ၅ရက်က နှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် **(အောက်ပုံ)**အသက်အရွယ်ကြီးသော တောင်တက်သမား ရှစ်ဦး ပါအဖွဲ့သည် ပျောက်ဆုံးလျက်ရှိကြောင်း မေ ၆ ရက်တွင် ဂျပန်အရာရှိများက ပြောကြားသည်။

ပျောက်ဆုံးနေသော တောင်တက်အဖွဲ့မှ ခြောက်ဦးသည် အသက် ၆၀ နှင့် ၇၀အကြား အမျိုးသားကြီးများဖြစ်ကြသည်။ ၎င်းတို့ကို ရဟတ်ယာဉ်ဖြင့် လိုက်လံရှာဖွေလျက်ရှိကြောင်း၊ ယင်းတောင်တက်သမားများသည် နာဂါနိုစီရင်စု အလယ်ပိုင်း အဲတောင်တန်းရှိ ကိုရန်ဂီတောင်အနီး ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အဆိုပါ တောင်တက်သမားများသည်အမြင့် ၉၆၇၆ပေ အထိ ရောက်ရှိနေပြီးမှ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်ဖြင့် လိုက်လံရှာဖွေသော်လည်း မတွေ့ရှိကြောင်း၊ အားလုံးမှာသေဆုံးသွားဖွယ်ရှိကြောင်း ၎င်းတို့ကပြောကြားသည်။

၎င်းတောင်တက်အဖွဲ့မှ အသက်၆၇နှစ်အရွယ် အမျိုးသားကြီးတစ်ဦး၏ သေဆုံးနေသောရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ရာမှ အားလုံးသေဆုံးဖွယ်ရှိကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



အီရန်မှ သဘာဝဓာတ်ငွေ့ အီရတ်သို့တင်ပို့ရန် ပိုက်လိုင်းသွယ်တန်းတည်ဆောက်နေ

တီဟီရန် မေ ၆

အီရန်နိုင်ငံက အီရတ်နိုင်ငံသို့ အရှည်ကီလိုမီတာ ၂၂၀ ခန့်ရှိသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းလျက်ရှိပြီး အီရန်မှ ဓာတ်ငွေ့များကို အီရတ်သို့ တင်ပို့ပေးမည်ဖြစ်ကြောင်း မေ ၆ ရက်တွင် အီရန် တာဝန်ရှိသူများက ပြောကြားသည်။

ဖြန့်ဖြူး

ယင်းဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှုသည် ငွေကြေး ကုန်ကျမှု အမေရိကန်ဒေါ်လာ သန်း ၄၅၀ ခန့်ရှိမည်ဖြစ်ပြီး တစ်နေ့လျှင် အီရန်မှ သဘာဝဓာတ်ငွေ့ ကုဗမီတာ ၂၅ သန်းခန့် တင်ပို့ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ (ဝဲပုံ)

အဆိုပါဓာတ်ငွေ့များကို အီရတ်မြို့တော် ဘဂ္ဂဒက်နှင့် မင်ဆောရစ်ဓာတ်အားစက်ရုံများသို့ ဖြန့်ဖြူးမည်ဖြစ်သည်။ ထိုသို့ ဓာတ်ငွေ့တင်ပို့မှုကို ငါးနှစ်တာစာချုပ်တစ်ရပ်ဖြင့် ချုပ်ဆိုထားခြင်းဖြစ်သည်။

အီရန်၊ အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့သည် သဘာဝဓာတ်ငွေ့များ တင်ပို့ရေးနှင့်ပတ်သက်သည့် သဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ် ဇူလိုင်လက လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အင်တာနက်)**

ထိုင်းနိုင်ငံအရှေ့ပိုင်း၌ စက်ရုံတစ်ရုံမီးလောင် ၁၃ ဦးသေဆုံး၊ ၉၀ကျော်ခန့် ဒဏ်ရာရရှိ

ဗန်ကောက် မေ ၆

ထိုင်းနိုင်ငံအရှေ့ပိုင်း ရာယွန်ပြည်နယ်ရှိ စက်မှုဇုန်တွင် မေ ၅ ရက်က စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားရာ အလုပ်သမား ၁၃ ဦးသေဆုံးပြီး ၉၀ကျော်ခန့် ဒဏ်ရာရရှိခဲ့ကြောင်း မေ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ပေါက်ကွဲမီးလောင်

၎င်းစက်ရုံမှာ ဓာတုပစ္စည်းထုတ်လုပ်သည့်စက်ရုံဖြစ်ပြီး မေ ၅ ရက် ညနေ ၃ နာရီခန့်က ဓာတုကုန်ကြမ်းပစ္စည်းများမှတစ်ဆင့် ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

မီးလောင်ပေါက်ကွဲမှုဖြစ်ပွားစဉ် စက်ရုံအတွင်း အလုပ်သမား ၆၀ ခန့် အလုပ်လုပ်လျက်ရှိရာ ၁၃ ဦးမှာ ပွဲချင်းပြီးသေဆုံး၍ ကျန်လူများမှာ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ကျန်ရှိသောဒဏ်ရာရရှိသူများမှာ အနီးဝန်းကျင်၌နေထိုင်သူများဖြစ်ကြသည်။

စက်ရုံမီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ် ၁၀ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိလာပြီး ည ၇ နာရီ၌ ငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ စက်ရုံအဆောက်အအုံ အများအပြား မီးလောင်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံတကာလေဆိပ်သစ် ကာရာဝမ်တွင် တည်ဆောက်မည်

ဂျကာတာ မေ ၆

အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိအဓိကဝင်ထွက်ပေါက်ဖြစ်သည့် ဆူကာအိုဟက်တာ နိုင်ငံတကာလေဆိပ်ကို အထောက်အကူဖြစ်စေမည့် နှစ်စဉ်ခရီးသည်ပေါင်း သန်း ၇၀ကို ဝန်ဆောင်မှုပေးနိုင်သော ကာရာဝမ်နိုင်ငံတကာလေဆိပ်ကို ၂၀၁၅ ခုနှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ကြောင်း ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားလိုက်သည်။

ပြောကြား

ဆူကာအိုဟက်တာ နိုင်ငံတကာလေဆိပ်က ခရီးသည်ပေါင်း သန်း ၅၀ ကျော်ကို နှစ်စဉ်လက်ခံတာဝန်ယူနေရသည့်အတွက် နိုင်ငံတကာလေဆိပ်သစ်တစ်ခု တည်ဆောက်ပေးရန် လိုအပ်နေသည်ဟုလည်း အင်ဒိုနီးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းသယ်ယူပို့ဆောင်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဟင်နရီဘတ်တီက မေ ၄ ရက်တွင် ပြောကြားသည်။

တည်ဆောက်

ဂျကာတာမြို့တော် အရှေ့ဘက် ကာရာဝမ်၌ နိုင်ငံတကာလေဆိပ်သစ်ကို ၂၀၁၉ခုနှစ်အပြီး တည်ဆောက်မည်ဟုဆို၏။ **(အင်တာနက်)**

တရုတ်ကမ်းလွန်၌ သင်္ဘောနစ်မြုပ်

ဖူကျန့် မေ ၆

တရုတ်ကမ်းလွန်တွင် မေ ၄ ရက် ညနေက မုန်တိုင်းမိ၍ သဲတင်သင်္ဘောတစ်စင်းနစ်မြုပ်ပြီး **(အပေါ်ပုံ)** နှစ်ရက်ကြာအထိ လူသုံးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

သင်္ဘောနစ်စဉ်က လိုက်ပါလာသူသင်္ဘောသားခြောက်ဦးအနက် ပျောက်ဆုံးနေသူသုံးဦးကို ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေလျက်ရှိကြောင်း သိရသည်။

ကယ်ဆယ်နိုင်ခဲ့

သင်္ဘောစတင်နစ်လျှင်နစ်ချင်း လိုက်ပါလာသည့်သင်္ဘောသားခြောက်ဦးစလုံး ရေထဲသို့ခုန်ဆင်းခဲ့ကြသော်လည်း သုံးဦးကိုသာ အနီးမှဖြတ်သွားသည့်သင်္ဘောက ကယ်ဆယ်နိုင်ခဲ့သည်ဆို၏။ **(အင်တာနက်)**

ဘာရိန်းနိုင်ငံ၌ အကြမ်းဖက်မှု ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိ

မာနာမာ မေ ၆

ဘာရိန်းနိုင်ငံ မာနာမာမြို့ ရှီးယိုက်ရပ်ကွက်တွင် မေ ၅ ရက်ကဖြစ်ပွားသည့် ဗုံးခွဲတိုက်ခိုက်မှုတွင် အနည်းဆုံးရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။ (ဝဲပုံ)

အကြမ်းဖက်တိုက်ခိုက်

ဤတိုက်ခိုက်မှုသည် ရဲတပ်ဖွဲ့ဝင်များအား ဦးတည်တိုက်ခိုက်သည့် တစ်လအတွင်း သုံးကြိမ်မြောက် အကြမ်းဖက်တိုက်ခိုက်ခြင်းဖြစ်သည်။

ရှီးယိုက်ရပ်ကွက် ဘာနီဂျမ်ရာ၌ မေ ၅ ရက်က အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသည့်အနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဘာရိန်းပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၆-၅-၂၀၁၂ တင်မောင်လွင် ရေးသားသည်

ပီကေကေလက်နက်ကိုင်သုံးဦး တူရကီလုံခြုံရေးတပ်ချေမှုန်း

တူရကီနိုင်ငံအရှေ့ပိုင်း အဂရီပြည်နယ်တွင် တူရကီလုံခြုံရေးတပ်များနှင့် ကာဒစ္စတန်အလုပ်သမားပါတီ(ပီကေကေ)လက်နက်ကိုင်တို့ တိုက်ပွဲဖြစ်ပွားရာ၌ ပီကေကေလက်နက်ကိုင်သုံးဦး သေဆုံးကြောင်း သတင်းတွင်ဖော်ပြသည်။ တူရကီအရှေ့ပိုင်း ဂမ်ဂိုရင်ကျေးရွာအနီးလမ်းပြုပြင်ရာ၌ အသုံးပြုသည့် ဆောက်လုပ်ရေးပစ္စည်းများကို ပီကေကေလက်နက်ကိုင်များက မီးရှို့ရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တိုက်ပွဲများ ဖြစ်ပွားရခြင်းအကြောင်းကို သတင်းတွင် ဆက်လက်ဖော်ပြသည်။

အမေရိကန်နှင့် မွန်ဂိုလီးယားစစ်ဘက်အရာရှိကြီးများ စစ်ဘက်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများဆွေးနွေး

မွန်ဂိုလီးယားနှင့် အမေရိကန်နိုင်ငံမှ ထိပ်တန်းစစ်ဘက်ကာကွယ်ရေးအရာရှိများသည် မတ် ၅ ရက်က နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း မတ် ၆ ရက်က အင်တာနက်သတင်းတစ်ရပ်တွင်ဖော်ပြသည်။ မွန်ဂိုလီးယားကာကွယ်ရေးဝန်ကြီး ဂျာဒန်ကာအန်စ်မာရာက လက်ရှိမွန်ဂိုလီးယားနှင့် အမေရိကန်တို့၏စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မိမိအနေဖြင့် ကျေနပ်အားရပါကြောင်း အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဘက်ဆိုင်ရာယာယီတာဝန်ခံအရာရှိ ဂျိမ်းစ်အင်န်ဖီလာနှင့် တွေ့ဆုံပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ အထက်ပါအတိုင်း ဖွင့်ဟပြောကြားခဲ့သည်။ ကိုရီးယားကျွန်းဆွယ်ရှိ နျူကလီးယားကိစ္စရပ်များအပါအဝင် ဖြစ်ပေါ်နေသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာလုံခြုံရေးကိစ္စရပ်များပေါ်တွင် နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်ပြီး ယင်းကိစ္စများကို တည်ငြိမ်အေးချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းသင့်ကြောင်း ၎င်းကထပ်မံပြောကြားခဲ့သည်။

ကမ္ဘောဒီးယားမြောက်ပိုင်းတွင် တရုတ်အကူအညီဖြင့် လမ်းနှင့်တံတား စတင်တည်ဆောက်မည်

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် မေ ၅ ရက်က ကမ္ဘောဒီးယားနိုင်ငံမြောက်ပိုင်းတွင် တရုတ်အကူအညီဖြင့် အမှတ် ၂၁၄ ပြည်ထောင်စုလမ်းမကြီးနှင့် ကမ္ဘောဒီးယား-တရုတ်ချစ်ကြည်ရင်းနှီးမှု မဲခေါင်-စတန်ထရန်တံတားတည်ဆောက်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ အရှည် ၁၄၄ ကီလိုမီတာရှိ ပြည်ထောင်စုလမ်းမကြီးနှင့် ၁၇၃၁ မီတာအရှည်ရှိ အဆိုပါတံတားကို ကမ္ဘောဒီးယားနိုင်ငံ၏ နယ်စပ်ပြည်နယ်များစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်အစိုးရထံမှ အမေရိကန်ဒေါ်လာ ၁၁၆ သန်းချေးယူအကုန်အကျခံကာ တည်ဆောက်ပေးခြင်းဖြစ်သည်။ ယင်းလမ်းမကြီးသည် စတန်ထရန်ပြည်နယ်မှ ပရပ်ဗီဟီးယားပြည်နယ်သို့ ဆက်သွယ်ထားခြင်းဖြစ်သည်။ အဆိုပါဆောက်လုပ်မှုကို ရှန်ဟိုင်းဆောက်လုပ်ရေးအုပ်စုကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီး ၄၅ လအတွင်း ပြီးမြောက်အောင်မြင်သွားမည်ဟု လျာထားသည်။ ယင်းလမ်းနှင့်တံတားသည် နယ်စပ်ပြည်နယ်များဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်သွယ်သွားလာမှုအတွက် အလွန်အရေးပါမည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားမှ ဗီယက်နမ်နှင့် လာအိုနိုင်ငံများသို့ ဆက်သွယ်သွားလာနိုင်သည့်လမ်းလည်းဖြစ်ကြောင်း အဆိုပါအခမ်းအနား၌ ဝန်ကြီးချုပ်ဟွန်ဆန်က ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ

အန္တရာယ်ကြီးမားသည့် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု

တိုး
ရေးသားသည်

ဂျပန်နိုင်ငံ တိုကျိုမြို့တော်၏ လမ်းမကြီးများပေါ်တွင် မေ ၅ ရက်က ထောင်ပေါင်းများစွာသော ဂျပန်ပြည်သူတို့ ချီတက်လာကြသည်။ ထိုနေ့က ရာသီဥတုက သာယာနေသလို ချီတက်ဆန္ဒပြသူများ၏ လှုပ်ရှားမှုမှာလည်း အားရကျေနပ်သည့် မျက်နှာပေးများဖြင့် တက်ကြွနေကြသည်ကို တွေ့မြင်နိုင်သည်။



၂၀၁၁ခုနှစ် မတ် ၁၁ ရက်က ဂျပန်နိုင်ငံ၌ အင်အားပြင်းငလျင်နှင့်တစ်ဆက်တည်း ဆူနာမီသဘာဝဘေးအန္တရာယ်နှစ်သွယ်ကြောင့် ဖူကူရှီးမားဒိုင်အိချီနျူကလီးယားစက်ရုံ ဤသို့ထိခိုက်ပျက်စီးခဲ့ရသည်။

ရယူသုံးစွဲ

ကမ္ဘာ့တတိယ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံမှာ တကယ်တော့ သယံဇာတအရင်းအမြစ်က ရှားပါး၊ စွမ်းအင်ထုတ်လုပ်ရန်အခက်အခဲကြုံသဖြင့် ၁၉၇၀ ပြည့်နှစ်တွင် နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ကို စတင်ထုတ်လုပ်သုံးစွဲလာသည်မှာ ဖူကူရှီးမားနျူကလီးယားစက်ရုံပြဿနာမကြုံမီအထိ နိုင်ငံလိုအပ်ချက်လျှပ်စစ်ဓာတ်အား၏ သုံးပုံတစ်ပုံအထိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ ရယူသုံးစွဲခဲ့ခြင်းဖြစ်သည်။

၂၀၁၁ခုနှစ် မတ် ၁၁ ရက်က ဂျပန်နိုင်ငံ၌ အင်အားပြင်း ငလျင်နှင့်တစ်ဆက်တည်း ဆူနာမီသဘာဝဘေးအန္တရာယ်နှစ်သွယ်ကြောင့် ဖူကူရှီးမား ဒိုင်အိချီနျူကလီးယားစက်ရုံ ထိခိုက်ပျက်စီးခဲ့ရသည်။ဂျပန်နိုင်ငံ၏နျူကလီးယား ဓာတ်ပေါင်းဖို ၅၀ အနက် နောက်ဆုံးဓာတ်ပေါင်းဖိုကို မေ ၅ ရက်က ပိတ်လိုက်သဖြင့် ထိုနေ့သည် ဂျပန်နိုင်ငံအဖို့ နျူကလီးယား လျှပ်စစ်ဓာတ်အား မသုံးစွဲသည့်နေ့၊ တစ်နည်းအားဖြင့် နှစ်ပေါင်း ၇၀ အတွင်း နျူကလီးယားလျှပ်စစ်ဓာတ်အား ပထမဆုံးအကြိမ် မသုံးစွဲသည့်နေ့ဖြစ်လာခဲ့သည်။

စည်းဝေးပြုလုပ်

တိုကျိုလမ်းမကြီးပေါ်၌ ချီတက်လာကြသည့် ဂျပန်ပြည်သူများသည် နာရီပိုင်းအတွင်းမှာပင် နိုင်ငံ၏လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုများကိုကြီးကြပ်ပေးသည့် စက်မှုဝန်ကြီးဌာနရှေ့၌ တစ်ဖွဲ့၊ ယင်းနောက်တိုကျိုပန်းခြံ၌ တစ်ဖွဲ့ နှစ်ဖွဲ့ခွဲကာ လူထုစည်းဝေးပြုလုပ်သည်။

တိုကျိုပန်းခြံအတွင်း တဖွဲဖွဲရောက်လာသူများ စုရုံးစုံညီသည့်အခါ၌ စင်ပေါ်တက်လာသည့် တက်ကြွလှုပ်ရှားသူ မာဆာရှိအိရှိကာဝါက "ဒီနေ့ဟာ သမိုင်းဝင်နေ့တစ်နေ့ဖြစ်ကြောင်း၊ ဒီနိုင်ငံမှာ နျူကလီးယားစက်ရုံ အများအပြားရှိတဲ့အနက် ဒီနေ့ဆိုရင် ဘယ်စက်ရုံမှ မလည်ပတ်ဘဲရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း၊ အခုလိုဖြစ်ရခြင်းဟာ ကျွန်တော်တို့အားလုံးရဲ့ အားထုတ်မှုကြောင့်ဖြစ်ကြောင်း" ပြောကြားလိုက်သည်။ တက်ရောက်လာသူအားလုံးကလည်း ဩဘာလက်ခုပ်တီးကာ ထောက်ခံလိုက်ကြသည်။ ချီတက်လာသူအများအပြားသည် ငါးကြင်းရုပ်ငါးကြီးပုံပါ နဖူးစည်း စာတန်းများကို ကိုင်ဆောင်လာကြသဖြင့် အဆိုပါ ငါးကြင်းရုပ်ငါးကြီးသည်ပင် နျူကလီးယားဆန့်ကျင်ရေး၏ ဒီဇိုင်းတစ်ခု ဖြစ်လာသည်။

ချီတက်လာကြ

တိုက်တိုက်ဆိုင်ဆိုင်ပင် မေလ ၅ ရက် (စနေနေ့)သည် ၎င်းတို့နိုင်ငံ၏ကလေးများနေ့ ဖြစ်သည်။ ချီတက်လာကြသူများကလည်း သူတို့၏ ကလေးသူငယ်များ၊ မြေးမြစ်များကို နျူကလီးယားအန္တရာယ်မှ ကင်းဝေးစေချင်သည်။ ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးခါနီးတွင် အဏုမြူဗုံးကြဲချခံရသည့် အတိတ်၏ နိမိတ်ဆိုးကြီးနှင့် ကြုံခဲ့ ရင်ဆိုင်ခဲ့သည့် အတွေ့အကြုံက ရှိထားပြီးဖြစ်သည်။ ယခုလည်း ၂၀၁၁ခုနှစ် မတ် ၁၁ ရက် မြေငလျင်နှင့် ဆူနာမီကြောင့် ဖူကူရှီးမား ဒိုင်အိချီနျူကလီးယားဓာတ်အားပေးစက်ရုံ မတော်တဆဖြစ်ပြီးနောက် လေထု၊ ရေထုအတွင်းသို့ ရေဒီယိုသတ္တိကြွ ပစ္စည်းများ ပျံ့လွင့်နေသည် မဟုတ်ပါလား။ ဤတိုကျိုပန်းခြံ လူထုအင်အားပြပွဲသို့ တက်ရောက်ကာ နျူကလီးယားဆန့်ကျင်ရေး ဆန္ဒပြသူ ၅၅၀၀ ရှိသည်ဟု သိရသည်။

ရာဇဝတ်မှုတစ်ခုကျူးလွန်

တိုကျိုမြို့ စက်မှုဝန်ကြီးဌာနရှေ့သို့ စုရုံးရောက်ရှိသူ ဆန္ဒပြသမားများ၏ လူထုအစည်းအဝေးသို့ တက်ရောက်လာသူတစ်ဦးက "ယနေ့ဆိုရင် နျူကလီးယား လျှပ်စစ်ဓာတ်အား မသုံးတဲ့ ဂျပန်နိုင်ငံသစ် စတင်မွေးဖွားလိုက်ပြီဖြစ်ပါတယ်။ နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မတော်တဆဖြစ်လို့ ရေဒီယိုသတ္တိကြွပစ္စည်းတွေရဲ့ ဓာတ်ရောင်ခြည်သင့်သူ အများအပြားရှိနေတဲ့အတွက် နျူကလီးယားဓာတ်အား ထုတ်လုပ်ခြင်းဟာ ရာဇဝတ်မှုတစ်ခုကျူးလွန်သလို ဖြစ်နေပါတယ်"ဟု ထည့်သွင်းပြောကြားလိုက်သည်။

ယင်းအင်အားပြလူထု ချီတက်ပွဲစည်းရုံးသူ မာဆာအိုကီမူရာကမူ "ဒီနေ့ဟာ အမှတ်တရနေ့ဖြစ်ပါတယ်။ နျူကလီးယားလျှပ်စစ်ဓာတ်အားအသုံးမပြုဘဲ ရပ်တည်နိုင်ကြောင်း ယခု မိမိတို့နိုင်ငံမှာ သက်သေပြနိုင်ပြီဖြစ်ပါတယ်"ဟူ၍ နျူကလီးယား ဓာတ်အားသုံးစွဲမှုဆန့်ကျင်ရေး မိန့်ခွန်းကို ပြောကြားလိုက်သည်။

ဆိုင်းငံ့

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ဂျပန်မြေငလျင်နှင့် ဆူနာမီကြောင့် နျူကလီးယား မတော်တဆဖြစ်မှုပေါ်ပေါက်ကတည်းက အချို့နိုင်ငံများက နျူကလီးယား လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် မူလအစီအစဉ်များကို ဖျက်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းများရှိခဲ့သည်။ ခက်သည်က ရာသီဥတု ပြောင်းလဲမှု၌ အဓိကကျသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ လေထုအတွင်း ထုတ်လွှတ်မှုလျှော့ချရေးအတွက် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ရေးကို ဦးတည်စဉ် ဤသို့ ကြုံရခြင်းဖြစ်သည်။

ဂျပန်အစိုးရကလည်း လေထုအတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို တာဝန်သိသိလျှော့ချလိုသည်။ သို့သော် အခြားတစ်ဖက်၌ ဒေသခံပြည်သူများနှင့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများက ဆန့်ကျင်နေသည်။

ပိုမိုတွက်ချက်

လျှပ်စစ်ဓာတ်အားကို နျူကလီးယားဓာတ်ပေါင်းဖိုမှ ထုတ်ယူလိုလျှင်ကြိုတင်မခန့်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ၏ ထုထည်ကို ပိုမိုတွက်ချက်ပြီးမှ ထုတ်ယူအသုံးပြုသင့်သည်။ ထိုမျှမက ဖူကူရှီးမား မတော်တဆဖြစ်မှုသည် ဂျပန်နိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက်ပါ နောက်ဆုံး ဖြစ်သင့်သည်ဟု ဆန်းစစ်လေ့လာသူများက ထုတ်ဖော်ပြောကြားခဲ့ကြပါကြောင်း။ ။

ကိုးကား-အင်တာနက်

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ရထားလမ်းချော်

နယူးဒေလီ မေ ၆

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ခရီးသည်တင် ရထားတစ်စင်း မေ ၆ ရက် အစောပိုင်းက လမ်းချော်မှုဖြစ်ပွားကြောင်း၊ တွဲရှစ်တွဲပါ ၎င်းရထားလမ်းချော်မှုတွင် ဒဏ်ရာရသူ အနည်းဆုံး ၂၀ ရှိကြောင်း ဒေသတွင်းမီဒီယာတွင် သတင်းဖော်ပြသည်။

ဟာယားနားပြည်နယ် ရိုတက်ခရိုင် ဆာမိုလာအရပ်တွင် နံနက် ၄ နာရီ ခန့်က ရထားလမ်းချော်မှု ဖြစ်ပွားခြင်းဖြစ်သည်။ ပန်ဂျပ်ပြည်နယ်မှ မွမ်ဘိုင်းသို့ ဦးတည်ခုတ်မောင်းလာစဉ် ဤသို့ လမ်းချော်မှု ဖြစ်ပွားကြောင်း အင်ဒို-အာဆီယံသတင်းဌာနက သတင်းဖော်ပြသည်။ ခုတ်မောင်းလာသည့် အဆိုပါရထားသည် နံနက်အစောပိုင်း၌ လမ်းချော်မှုဖြစ်ပွားခြင်းဖြစ်သဖြင့် များစွာသော ခရီးသည်များမှာ အိပ်ပျော်နေလျက်ရှိကြရာ ယင်းသို့ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(ယာပုံ)**

ရထားလမ်းချော်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးရန်နှင့် ရထားလိုင်းများ ပိတ်ဆို့မှုမဖြစ်ရေး၊ ရထား ခရီးစဉ်များ နှောင့်နှေးမှုမဖြစ်စေရေး အတွက် ဆောင်ရွက်ရန် မီးရထားဝန်ကြီးဌာန တာဝန်ရှိသူများက အမိန့်ထုတ်ထားသည်။

(အင်တာနက်)

ဇော်ဦးခိုင် - ရေးသည်

တရုတ်နိုင်ငံ၌ သတ္တုတွင်းပြိုကျ သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ဟေဘေး မေ ၆

တရုတ်နိုင်ငံအလယ်ပိုင်း အန်ဟွေးပြည်နယ်အတွင်း၌ မေ ၅ ရက်ညက သတ္တုတွင်းတစ်တွင်း ပြိုကျမှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက မေ ၆ ရက်တွင် ပြောကြားသည်။

ပြောကြား

အန်ဟွေးကျင်ယီရှန်း သတ္တုတူးဖော်ရေးကုမ္ပဏီပိုင်မိုင်းတွင်း၌ ည ၉ နာရီခန့်က မြေပြိုမှုဖြစ်ပွားခြင်းဖြစ်သည်။ အန်ဟွေးပြည်နယ် ဟိုကွေ့စီရင်စုရှိ အဆိုပါမိုင်းတွင်း မြေပြိုကျမှုတွင် အိမ်နှစ်လုံးပြိုကျပျက်စီးကြောင်း စီရင်စုပြည်သူ့ရေးရာဌာနအရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **(အောက်ပုံ)**

ဖြစ်ပွားရာနေရာတွင်ပင် လူနှစ်ဦးသေဆုံးပြီး ကျန်တစ်ဦးမှာ ဆေးရုံပေါ်၌ သေဆုံးခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူလေးဦးအား ဆေးရုံသို့ပို့ဆောင်ကာ ဆေးဝါးကုသပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုသတ္တုတွင်းပြိုကျမှုအကြောင်းအရင်းကို စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

ပီရူးနိုင်ငံရှိ မူးယစ်ဆေးဝါးပြန်လည်ထူထောင်ရေးဆေးခန်းမီးလောင်၊ ၁၄ ဦးသေဆုံး

လီမာ မေ ၆

ပီရူးနိုင်ငံ၏မြို့တော် လီမာမြို့မှ အရှေ့ဘက်ကီလိုမီတာ ၃၀ အကွာအဝေးတွင်တည်ရှိသော မူးယစ်ဆေးဝါးပြန်လည်ထူထောင်ရေးဆေးခန်းတွင် မီးလောင်မှုဖြစ်ပွားရာ သေဆုံးသူ ၁၄ ဦးရှိပြီး ဒဏ်ရာရသူတစ်ဦးရှိကြောင်း ဒေသတွင်းမီးသတ်ဌာနက ပြောကြားသည်။

ချိုစီကာခရိုင်အတွင်းရှိ အဆိုပါနှစ်ထပ်အဆောက်အအုံ ဆေးခန်းတွင် မေ ၅ ရက်က မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ပထမထပ်တွင် မီးလောင်မှုဖြစ်ပွားသဖြင့် ဒုတိယထပ်ရှိ အဆောင်များအတွင်း လူနာများစွာ ပိတ်မိနေခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

လူနာအများစုမှာ ဒုတိယထပ်ရှိ အခန်းများနှင့် စင်္ကြံလမ်းတွင်ရှိနေကြပြီး လွတ်မြောက်ရန်ကြိုးစားသော်လည်း အခန်းတံခါးများမှာ သော့ခတ်ထားသဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ခုန်ချနိုင်ခဲ့သူတစ်ဦးသာ အသက်ရှင်ကျန်ရစ်ကြောင်း ပီရူးမီးသတ်ဌာနအရာရှိက ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးပြန်လည်ထူထောင်ရေးဆေးခန်းတွင် ဖြစ်ပွားသည့် မီးလောင်မှုကို စုံစမ်းလျက်ရှိပြီး တရားဝင်မဟုတ်သော သတင်းအရင်းအမြစ်မှပြောကြားချက်အရ ဆေးရုံရှိ လူနာတစ်ဦး လွတ်လမ်းရှာကာ မွေ့ရာကိုမီးရှို့ခဲ့ရာမှ လောင်သည့်မီးဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မောင်မောင်မြင့်ဆွေ – စုစည်းသည်

မက်ဆီ လေးဂိုးသွင်းပြီး ဘာစီလိုနာနိုင်ပွဲရ ရီးရဲမက်ဒရစ်တို့လည်း အဝေးကွင်း၌ အမှတ်ပြည့်ယူ

မက်ဒရစ် မေ ၆

စပိန်လာလီဂါပွဲစဉ်(၃၇) ဘောလုံးပွဲစဉ်များကို မေ ၆ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာနှင့် အက်စ်ပန်ညိုတို့ပွဲတွင် ဘာစီလိုနာက မက်ဆီတစ်ဦးတည်းသွင်းသည့် ဂိုးလေးဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ (ဝဲပုံ)

ဘာစီလိုနာအသင်းသည် လာလီဂါဖလားကို မရရှိနိုင်သော်လည်း ဂုဏ်သိက္ခာအတွက် ယခုပွဲကို အဓိကပွဲထွက်ကစားသမားများ ထုတ်သုံးကာ ယှဉ်ပြိုင်ခဲ့သည်။ ဘာစီလိုနာတို့အိမ်ကွင်း၌ ပွဲစတင်ကတည်းက အချိတ်အဆက်မိမိကစားနိုင်ခဲ့ရာ ပွဲချိန် ၁၂ မိနစ်၌ပင် မက်ဆီက ဇွဲဆော်ဦးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပထမပိုင်းပွဲချိန်အတွင်း ဘာစီလိုနာတို့ ထပ်မံဂိုးမသွင်းနိုင်ခဲ့သော်လည်း ပွဲချိန် ၆၄ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် မက်ဆီက တစ်ဂိုးထပ်သွင်းယူနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၇၅ မိနစ်၌ မက်ဆီကပင် တစ်ဂိုးထပ်မံသွင်းယူပြီး ပွဲချိန် မိနစ် ၈၀ ၌ ပယ်နယ်တီမှတစ်ဆင့် စတုတ္ထမြောက်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

စံချိန်တင်ခဲ့

ယခုပွဲ၌ တစ်ဦးတည်း လေးဂိုးသွင်းယူခဲ့သော မက်ဆီသည် ယခုနှစ်ဘောလုံးရာသီတစ်ရာသီတည်း၌ပင် လာလီဂါ၌ ဂိုးပေါင်း ၅၀ သွင်းယူနိုင်ခဲ့သူဖြစ်သည်။ ဘာစီလိုနာသမိုင်း၌လည်း တစ်ရာသီတည်း ဂိုးအများဆုံးသွင်းယူနိုင်သူအဖြစ် စံချိန်တင်နိုင်ခဲ့သည်။

နောက်ထပ်ပွဲစဉ်ဖြစ်သည့် ဂရင်နာဒါနှင့် ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဂရင်နာဒါအသင်းအတွက်ဂိုးကို ပွဲချိန် ၅ မိနစ်၌ပင် ဖရန်ကိုဂျာရာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်အတွက် ဂိုးများကို ပွဲချိန် မိနစ် ၈၀ ၌ စီရိုနယ်ဒိုက တစ်ဂိုး၊ ပွဲချိန် မိနစ် ၉၀၌ ဒေးဗစ်ကော်တစ်က ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိ၍ ဂိုးဝင်သွားသဖြင့် လက်ဆောင်ဂိုးရရှိခဲ့ပြီး ပွဲအပြီး၌ ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



ဂျမေကာနိုင်ငံတကာဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ပြိုင်ပွဲ၌ အူစိန်ဘို့ဗိုလ်စွဲ

ကင်းစတန် မေ ၆

ဂျမေကာနိုင်ငံတကာဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲကို မေ ၆ ရက်က ကျင်းပရာ အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ ဂျမေကာအပြေးသမား အူစိန်ဘို့က ၉ ဒသမ ၈၂ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ **(အပေါ်ပုံ)**

စံချိန်တင်မည်

နောက်ထပ် ဂျမေကာအပြေးသမား မိုက်ကယ်ဖရက်တာက ၁၀ ဒသမ ၀၀ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ ယခုပွဲအပြီး၌ ဂျမေကာအပြေးသမား အူစိန်ဘို့က မိမိသည် လာမည့် လန်ဒန်မာရသွန်အားကစားပြိုင်ပွဲ၌ ကမ္ဘာ့အမြန်ဆုံးလူသားအဖြစ် ဆက်လက်စံချိန်တင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ပြောကြား

တစ်ဖန် အူစိန်ဘို့က လာမည့် လန်ဒန်အိုလံပစ် အားကစားပြိုင်ပွဲ၌ ၉ ဒသမ ၄၀ စက္ကန့် စံချိန်ရရှိအောင် လေ့ကျင့်ရမည်ဖြစ်ကြောင်း၊ မိမိသည် ယင်းစံချိန်ရရှိမည်ဟု ယုံကြည်နေကြောင်း ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

ဆားဘီးယားအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆပ်ပီနှင့် ပါအီရီတို့ ဗိုလ်လုပွဲတက်

ဘဲလ်ဂရိတ် မေ ၆

ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့၌ ကျင်းပလျက်ရှိသော ဆားဘီးယားအိုးပင်း တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲများအဖြစ် မေ ၆ ရက်က ယှဉ်ပြိုင်ကစားရာ အင်ဒရက်စ်ဆပ်ပီ **(ယာပုံ)**က နာလ်ဘင်ဒီရန်းကို အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အီတလီတင်းနစ်သမားဆပ်ပီသည် အာဂျင်တီးနားတင်းနစ်သမား နာလ်ဘင်ဒီရန်းကို၂-၆၊ ၆-၂၊ ၇-၅ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပွဲအနိုင်ရရှိရန် ဆပ်ပီသည် အမှားအယွင်းများကို အနည်းဆုံးဖြစ်အောင် သတိထားကစားခဲ့၍ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

နောက်ထပ်အကြိုဗိုလ်လုပွဲတစ်ပွဲဖြစ်သည့် ပြင်သစ်တင်းနစ်သမား ပါအီရီနှင့် စပိန်တင်းနစ်သမား အင်ဒူဂျာတို့ပွဲတွင် ပါအီရီက ၆-၃၊ ၁-၆၊ ၆-၃ဖြင့်နိုင်ပွဲရရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည်။ **(အင်တာနက်)**

မြင့်မောင်စိုး – စုစည်းသည်



ဝယ်လ်တာဝိတ်တန်း ခါးပတ်လုပွဲ မေဝဲသား အမှတ်ဖြင့်အနိုင်ယူ

လန်ဒန် မေ ၆

ဖလွိုက်မေဝဲသားနှင့် မီဂဲလ်ကော့တိုတို့သည် ဒဗလျူဘီအေ စူပါဝယ်လ်တာဝိတ်တန်း လက်ဝှေ့ချန်ပီယံခါးပတ်လုပွဲအဖြစ် မေ ၅ ရက်က လော့စ်အိန်ဂျလိစ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ကြရာ မေဝဲသားက အမှတ်ဖြင့်နိုင်ပြီး သူ၏ရှုံးပွဲမရှိစံချိန်သစ်ကို တင်နိုင်ခဲ့သည်။

လက်ဝှေ့သမားနှစ်ဦးစလုံးသည် အချီတိုင်းတွင် ဘတစ်ပြန် ကျားတစ်ပြန်ထိုးသတ်ခဲ့ကြသည်။ **(ဝဲပုံ)** မေဝဲသားက နောက်ပိုင်းအချီများတွင် အသာစီးရထိုးသတ်နိုင်ခဲ့ပြီး အမှတ်ပိုရခဲ့သည်။ ထို့ကြောင့် မေဝဲသားအား ဒိုင်လူကြီးနှစ်ဦးက ၁၁၇-၁၁၁ မှတ်နှင့် ၁၁၈-၁၁၀ မှတ်တို့ဖြင့် အနိုင်ပေးရန် ဆုံးဖြတ်ခဲ့ရသည်။

"ဒီပွဲဟာ ကျွန်တော့်ရဲ့ ခက်ခဲတဲ့ပြိုင်ပွဲပါပဲ။ အမှတ်နဲ့နိုင်တယ်ဆိုပေမယ့် အတော်လေးကြိုးစားခဲ့ရပါတယ်"ဟုမေဝဲသားက သတင်းထောက်များအား ပြောကြားသည်။ မေဝဲသားသည် ယင်းအနိုင်ပွဲရလိုက်သဖြင့် ၄၃ ပွဲမြောက် စံချိန်တင်ထိုးသတ်နိုင်ခဲ့သည်။ အဆိုပါ ၄၃ ပွဲအနက် ၂၆ ပွဲမှာ အလဲထိုးအနိုင်ပွဲများဖြစ်သည်။

အနိုင်ရ

မေဝဲသားသည် ကော့တိုအား ပွဲစဉ်တစ်လျှောက် ညာလက်သီးကို အများဆုံးအသုံးပြုထိုးသတ်ခဲ့သည်။ ၎င်း၏ ညာလက်သီးသည် အလွန်လျင်မြန်စွာထိုးသတ်နိုင်သည်ဟုဆိုသည်။ ကော့တိုသည် ကြိုးဝိုင်းလယ်တွင် မေဝဲသားအား ချက်ကောင်းထိအောင် ချောင်းထိုးသည့်အကွက်များကို သုံးသွားခဲ့သည်။ သို့သော် တွန့်ဆုတ်တွန့်ဆုတ်ထိုးခြင်းကြောင့် မေဝဲသားက အမှတ်အသာဖြင့် အနိုင်ရသွားခဲ့သည်။ **(အင်တာနက်)**

ချယ်လ်ဆီး ယာယီနည်းပြ ဒီမတ်တီယို အမြဲတမ်းနည်းပြဖြစ်လာရန် နီးလာပြီ

လန်ဒန် မေ ၆

ချယ်လ်ဆီးယာယီနည်းပြ ဒီမတ်တီယိုက အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ချယ်လ်ဆီးက လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဖလားဆွတ်ခူးခဲ့ပြီးနောက် အမြဲတမ်း နည်းပြဖြစ်လာရန် တောင်းဆိုလိုက်သည်။ **(အပေါ်ပုံ)**

ဦးဆောင်

ဒီမတ်တီယိုသည် မတ်လက ချယ်လ်ဆီးနည်းပြဗီးလက်ဘိုစ်နေရာတွင် ယာယီတာဝန်ယူခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းကို ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်သည်အထိ ဦးဆောင်ခဲ့သည်။ မိမိအား အမြဲတမ်းနည်းပြခန့်ထားရန် အသင်းပိုင်ရှင် ရိုမန်အေဘရာမိုဗစ်ချ်က ရာသီအကုန်တွင် အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်ကြောင်း ဒီမတ်တီယိုက ဆိုသည်။

အလွန်ကံကောင်း

"ကျွန်တော်ဟာ အလွန်ကံကောင်းတဲ့ လူတစ်ယောက်ပါ။ လုံးဝမထင်မှတ်တဲ့ပွဲတွေကိုတောင် ကျွန်တော့်ကစားသမားတွေက ကစားပေးနိုင်ခဲ့တယ်။ ဒီအတွက် ကျွန်တော် ကံကောင်းနေတာပါ"ဟု ဒီမတ်တီယိုက ဝန်ခံပြောကြားသည်။

ဒီမတ်တီယိုသည် ချယ်လ်ဆီးအသင်းကို ယာယီနည်းပြအဖြစ် ကိုင်တွယ်ခဲ့ပြီးနောက် ၁၈ ပွဲကစားခဲ့ရာတွင် နှစ်ပွဲသာ အရှုံးရှိခဲ့သည်။ ရာသီကုန်အထိ အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း အီတလီသား ဒီမတ်တီယိုက ပြောကြားသည်။ **(အင်တာနက်)**

အားကစားသတင်းအတိုအထွာ

➢ *အာဆင်နယ်အသင်းနှင့် နော့ဝစ်အသင်းတို့သည် မေ ၅ ရက် ညက ပရီမီယာလိဂ်ပွဲစဉ်(၃၇)အဖြစ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်သုံးဂိုးစီဖြင့် သရေကျသွားခဲ့သည်။ နော့ဝစ်အသင်းမှ မော်ရစ်ဆင်၏ နောက်ကျဂိုးကြောင့် အာဆင်နယ်အသင်းသည် လာမည့်နှစ်ချန်ပီယံလိဂ်ဝင်ခွင့်နေရာအတွက် ခြိမ်းခြောက်ခံနေရသည်။*

➢ *၂၀၁၂ ခုနှစ် ကမ္ဘာ့စနူကာပြိုင်ပွဲတွင် အင်္ဂလန်စနူကာချန်ပီယံ ရွန်နီအိုဆူလ်လီဗန် က မက်သရူးစတီဗင်အား ၁၇-၁၀ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။ ၎င်းသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် အလီကာတာနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။*

➢ မန်ယူဝါရင့်ကွင်းလယ်ကစားသမား ဖလက်ချာသည် လာမည့်ရာသီအကြိုတွင် မန်ယူအတွက် စတင်ကစားပေးနိုင်တော့မည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က အတည်ပြုပြောကြားသည်။ ၎င်းသည် ဒီဇင်ဘာလကတည်းက ဒဏ်ရာကြောင့် အနားယူခဲ့ရသည်။

➢ *အာဆင်နယ် ညာနောက်တန်းကစားသမား ဆက်ဂ်နာသည် နော့ဝစ်နှင့် ကစားသည့်ပွဲတွင် ခြေချောင်းကျိုးသွားခဲ့သဖြင့် ပြင်သစ်အသင်းနှင့် အတူကစားရန်စီစဉ်ထားသည့် ယူရို ၂၀၁၂ ပြိုင်ပွဲများ လွဲချော်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အသက် ၂၉ နှစ်ရှိ ဆက်ဂ်နာသည် ယင်းပွဲတွင် ၃၃ မိနစ်ကြာကစားခဲ့ပြီးနောက် ခြေချောင်းကျိုးသွားသဖြင့် ထမ်းစင်ဖြင့်ထွက်သွားခဲ့ရသည်။*

➢ *တရုတ်တန်းကျော်အပြေးသမား လူကျန်းသည် မေ ၆ ရက်က ဂျပန်နိုင်ငံ ကာဝါဆာကီမြို့၌ ကျင်းပသော ဂိုးလ်ဒင်းဂရင်းပရီ ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၁၀ ပြိုင်ပွဲ၌ စံချိန် ၁၃ ဒသမ ၀၉စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲသွားခဲ့သည်။* **(အင်တာနက်)**

လမ်း/တံတားအသုံးပြုခများလျော့ကျခြင်းဖြင့် တန်ပိုယာဉ်များ ပပျောက်၍ ကုန်စည်စီးဆင်းမှု မြန်ဆန်ပြီး သယ်ယူပို့ဆောင်စရိတ် ကျဆင်းစေနိုင်

အောင်သိယ်

(ယမန်နေ့မှအဆက်)

ဤတွင် တန်ပိုယာဉ်များနှင့် စပ်လျဉ်း၍လည်း ရှင်းလင်းတင်ပြလိုပါသည်။ ကုန်တင်ယာဉ်များအား လမ်းများပေါ်တွင် အာဆီယံစံနှုန်းနှင့်အညီ ကုန်တင်ဆောင်သွားလာစေရန် ၂၀၁၀ ခုနှစ်တွင် ပညာပေးစည်းရုံးမှုများ ပြုလုပ်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စတင်၍ စံနှုန်းနှင့်အညီ ကုန်ချိန်ပိုမို တင်ဆောင်ခဲ့သော တန်ပိုယာဉ်များကို ကြပ်မတ်စစ်ဆေး အရေးယူခဲ့သည်။ ထို့ကြောင့် ယခုအခါ လမ်းများပေါ်တွင် တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှု အလွန်နည်းပါးသွားပေပြီ။

အာဆီယံစံချိန်စံညွှန်းဆိုသည်မှာ ၁၉၉၉ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံဟန္နိုင်းမြို့၌ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက်အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၌ လက်မှတ်ရေးထိုးခဲ့သည့် မော်တော်ယာဉ်များနှင့် ပတ်သက်သည့် သဘောတူညီချက်ဖြစ်သည်။ အဆိုပါသဘောတူညီချက်ကို အာဆီယံနိုင်ငံအားလုံးနည်းတူ မြန်မာနိုင်ငံကလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစံချိန်စံညွှန်းအရ အာဆီယံနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် လမ်းများပေါ်၌ ဖြတ်သန်းသွားလာခွင့်ပြုမည့် ယာဉ်နှင့်ကုန်၏စုစုပေါင်းအလေးချိန်မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁)	ဝင်ရိုး(၂)ခု (၆)ဘီး ကားလတ်	- (၁၃)တန်(TE 11,TE 21)
(၂)	ဝင်ရိုး(၂)ခု (၆)ဘီး ကားကြီး	- (၁၆)တန်
(၃)	ဝင်ရိုး(၃)ခု (၁၀)ဘီးကား	- (၂၁)တန်
(၄)	ဝင်ရိုး(၄)ခု (၁၂)ဘီးကား	- (၂၅)တန်
(၅)	ဝင်ရိုး(၄)ခု (၁၄)ဘီးကား	- (၃၄)တန်
(၆)	ဝင်ရိုး(၅)ခု (၁၈)ဘီးကား	- (၄၆)တန်
(၇)	ဝင်ရိုး(၆)ခု (၂၂)ဘီးကား	- (၅၅)တန်

ကုန်တင်ယာဉ်၏ စုစုပေါင်းအလေးချိန်နှင့် ဝင်ရိုးအရေအတွက်အရ ဝင်ရိုးတစ်ခုစီ၏ ဘီးများမှတစ်ဆင့် လမ်းပေါ်သက်ရောက်သောအလေးချိန်အား Axle Load ဟုခေါ်သည်။ အာဆီယံ စံချိန်စံညွှန်းအရ ဝင်ရိုးတစ်ခု၏ အများဆုံးအလေးချိန် သတ်မှတ်ချက် (Axle Load Limit)မှာ (၁၀)တန်ဖြစ်သည်။ ယင်းသတ်မှတ်ချက်မှာ အာဆီယံစံချိန်စံညွှန်း၏ ဝင်ရိုးတစ်ခုအပေါ် အများဆုံးသက်ရောက်သည့် အလေးချိန်သတ်မှတ်ထားခြင်း ဖြစ်ကြောင်းသိရသည်။

လာမည့်၂၀၁၅ခုနှစ်တွင် အာဆီယံအသိုက်အဝန်း(ASEAN Community)ကို ထူထောင်တော့မည်ဖြစ်ရာ ယင်းအချိန်တွင် အာဆီယံနိုင်ငံများမှ မော်တော်ယာဉ်များလည်း မိမိနိုင်ငံအတွင်းသို့ဝင်ထွက်သွားလာခွင့်၊ ဖြတ်သန်းခွင့်များ ပြုရမည်ဖြစ်သကဲ့သို့ မိမိနိုင်ငံမှ မော်တော်ယာဉ်များသည်လည်း အာဆီယံနိုင်ငံများသို့ အလွယ်တကူ ဝင်ထွက်သွားလာခွင့်ရရှိမည် ဖြစ်သည်။ အိမ်သာမှဧည့်လာဆိုသကဲ့သို့ မိမိနိုင်ငံ၏ လမ်းများကောင်းမွန်ပြီး သွားလာရေးအဆင်ပြေပါမှ အခြားနိုင်ငံများက ယာဉ်များ ဝင်ထွက်သွားလာမည်ဖြစ်သည်။ လမ်းများပေါ်တွင် တန်ပိုယာဉ်များ ဆက်လက်သွားလာခွင့်ပြုပါက ပျက်ပြီးရင်းပျက်၊ ပြင်ပြီးလည်းပျက်ဖြစ်လာပေမည်။ မုန့်လုံးစက္ကူကပ်ဇာတ်လမ်းဖြင့် လမ်းပျက်သံသရာလည်နေပေမည်။ ထို့ကြောင့် တန်ပိုယာဉ်များ သွားလာမှုကို ခွင့်မပြုတော့ခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ အဝေးပြေးလမ်းမကြီးများနှင့်တံတားများမှာ တန် ၆၀ ခံနိုင်ဝန်ရှိရန် စနစ်တကျပုံစံထုတ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တည်ဆောက်ပြီးစီးပါကလည်း အရည်အသွေးစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီးမှသာ အများပြည်သူ သွားလာနိုင်ရန်လမ်းနှင့် တံတားကို ဖွင့်လှစ်ပေးခဲ့သည်။ သို့သော် ကုန်အဆမတန်တင်ဆောင်ထားသည့် ကုန်တင်ယာဉ်များ လူးလာခေါက်ပြန်မောင်းနှင်သွားလာနေမှုကြောင့် လမ်းများမှာ သတ်မှတ်ကာလမတိုင်မီ ပျက်စီးခဲ့ရခြင်းဖြစ်သည်။

အလားတူ အခြားအာဆီယံနိုင်ငံများတွင်လည်း ကုန်တင်ယာဉ်များကို အာဆီယံစံနှုန်းနှင့် အညီသာ ကုန်တင်ဆောင်သွားလာခွင့်ပြုထားသည်။ မိမိနိုင်ငံမှ ယာဉ်များအနေဖြင့်လည်း ယင်းနိုင်ငံများသို့ သွားရောက်လိုပါက ယင်းစံနှုန်းနှင့်အညီသာ တင်ဆောင်ရမည်ဖြစ်သည်။ မိမိနိုင်ငံမှ ကုန်တင်ယာဉ်များကို နယ်စပ်ဂိတ်များမှတစ်ဆင့် အဆိုပါနိုင်ငံများအတွင်းသို့ ဝင်ရောက်ခွင့်ပြုရာ၌ ကုန်အဆမတန်တင်ဆောင်ထားပါက ၎င်းတို့၏လမ်းများပျက်စီးမည်စိုး၍ ဝင်ရောက်ခွင့်ပြုမည်မဟုတ်ပေ။ အချို့နိုင်ငံများတွင် တန်ပိုယာဉ်များအားဖမ်းဆီးပြီး နိုင်ငံပိုင်အဖြစ် သိမ်းဆည်းကာ ယာဉ်ပိုင်ရှင်ကိုလည်း အမည်မည်းစာရင်းသွင်းသည်အထိ ထိရောက်စွာ အပြစ်ပေးအရေးယူလျက်ရှိသည်။

လမ်းမကြီးများဥပဒေတွင်ဖော်ပြထားသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ၌ လမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်နှင့်ဘီးအမျိုးအစားကိုလည်းကောင်း၊ ယာဉ်နှင့်ဝန်တင်အလေးချိန်ကို လည်းကောင်း၊ လှည်း၏ဘီးကွပ်ကိုလည်းကောင်း၊ သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်းရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊ လမ်းမကြီးများပျက်စီးခြင်းမှ ကာကွယ်ရန်လိုအပ်သည့်တားမြစ်ချက်များထုတ်ပြန်ခြင်း၊ တားမြစ်ချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်းဟူသည့် အချက်များပါဝင်သည်။

အာဆီယံဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ ဆက်သွယ်သွားလာရာ၌ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အလွန်အရေးပါသောနေရာ၌ တည်ရှိသည်။ ဒေသတွင်းနိုင်ငံများ ဆက်သွယ်သွားလာနိုင်မည့် လမ်းမကြီးများဖြစ်သည့် အာရှလမ်းမကြီးလေးခု၊ အာဆီယံ လမ်းမကြီး ခုနစ်ခု၊ မဟာမဲခေါင်ဒေသ လမ်းမကြီးသုံးခုနှင့် စကြံလမ်းမကြီးငါးခုတို့မှာ မြန်မာနိုင်ငံကို ဖြတ်သန်းသွားလာမည်ဖြစ်သည်။ ယင်းလမ်းမကြီးများ ပေါ်ထွန်းလာမှုနှင့်အတူ မိမိနိုင်ငံအတွင်းသို့ အခြားဒေသတွင်းနိုင်ငံများမှ မော်တော်ယာဉ်များ မဖြစ်မနေဖြတ်သန်းသွားလာတော့မည်ဖြစ်ရာ လမ်းများအစဉ်ကောင်းမွန်နေပါမှ နိုင်ငံနှင့် လူမျိုး၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ပေမည်။

လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်ကို တွေ့ရစဉ်။

လမ်း၊ တံတားအသုံးပြုခများကို စနစ်တကျကောက်ခံပြီး ဤသို့ ပြေစာပြန်လည်ပေးအပ်သည်။

ထို့ကြောင့်ပင် လမ်းများပျက်စီးမှုမှကာကွယ်နိုင်ရန်နှင့် ကုန်တင်ယာဉ်များ စံနှုန်းနှင့်အညီ တင်ဆောင်သွားလာမှု အလေ့အကျင့်ကောင်းများရရှိစေရန် တန်ပိုယာဉ်များကို တားဆီးနေရခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခင်က ကုန်တင်ယာဉ်အများစုမှာ ဂိုဒေါင်ကို ဘီးတပ်ထားသကဲ့သို့ ကုန်များအဆမတန် တင်ဆောင်ပြီးသွားလာကြသည်။ ကုန်ပိုတင်နိုင်ရန်အတွက် မူလယာဉ်ကို လိုသလို ပြုပြင်ကြသည်။ အမှန်တကယ်မူ ယာဉ်တစ်စီးမှာ မူလစတင် ထုတ်လုပ်စဉ်ကပင် ကိုယ်ထည်၊အင်ဂျင်၊ ခံနိုင်ဝန် စသည်တို့ကို စနစ်တကျတွက်ချက် စမ်းသပ်ပြီးမှ ထုတ်လုပ်ခြင်းဖြစ်သည်။ ယာဉ်ကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ပြန်လည်ပြုပြင်ခြင်းမှာ ယာဉ်နှင့်ယာဉ်မောင်းသူအတွက် အန္တရာယ်အလွန်များလှသည်။ ကုန်တင်ယာဉ်အများစုမှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်အတိုင်းမဟုတ်ဘဲ တန်ချိန်ပိုမိုတင်ဆောင်နိုင်ရေးအတွက် ဝင်ရိုးများပြောင်းလဲ တပ်ဆင်ခြင်းနှင့်ထပ်တိုးတပ်ဆင်ခြင်း၊ လေးများနှင့်ဖရိန်များ ထပ်ပိုးခြင်း၊ ယာဉ်ကိုယ်ထည်ပြင်ဆင်ခြင်းနှင့် တာယာကြီးများလဲလှယ်တပ်ဆင်ခြင်း စသည်တို့ကို ပြောင်းလဲပြင်ဆင်၍ လမ်းများပေါ်တွင်သွားလာခဲ့ကြသည်။ ကုန်ပိုတင်နိုင်လေ ငွေပိုရလေဆိုသည့် အယူအဆဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ကုန်ချိန်များ၍ ယာဉ်မောင်းချိန်ကြန့်ကြာပြီး မောင်းနှင်ရသည့် ယာဉ်မောင်းမှာလည်း ယာဉ်ကို ခက်ခက်ခဲခဲ ထိန်းသိမ်းမောင်းနှင်ရသည်။

ထို့အပြင် သတ်မှတ်ချိန်မတိုင်မီ တာယာအသစ်လဲခ၊ ကားပြင်ခစသည့် စရိတ်စကများမှာလည်း သာမန်ထက်ပိုကုန်ကျသည်။ ယာဉ်တစ်စီးပေါ်တွင် သတ်မှတ်ချက်ထက် ဝန်ပိုတင်ပါက လမ်းပျက်ယွင်းသကဲ့သို့ ယာဉ်ကိုယ်ထည်နှင့် အောက်ပိုင်းများလည်း ပျက်ယွင်းလာကြောင်း၊ ထို့အတူ ယာဉ်ကိုခက်ခဲစွာ ထိန်းသိမ်းမောင်းနှင်ရသဖြင့် တိမ်းမှောက်မှုများမကြာခဏ ဖြစ်ပွားခဲ့ကြောင်း ကုန်တင်ယာဉ်မောင်းအချို့ကပြောကြားသည်။ (၁၀)နှစ်ခံ တည်ဆောက်ထားသည့်လမ်းများမှာ တန်ပိုယာဉ်များဖြတ်သန်းသွားလာမှုကြောင့် တစ်နှစ်အတွင်းမှာပင် ပျက်စီးခဲ့ရသည်။ ကျန် (၉)နှစ်စာငွေမှာ လုံးဝဆုံးရှုံးမှုဖြစ်ရသည်။ သို့ဖြစ်ရာ မကြာခဏ လမ်းပြင်နေရသဖြင့် ပြည်သူ့အတွက် အကျိုးရှိစွာ သုံးစွဲရမည့် နိုင်ငံတော်ဘဏ္ဍာငွေကို မလိုအပ်ဘဲ ပျက်စီးသည့် လမ်းပေါ်တွင် ထပ်မံသုံးစွဲရသဖြင့် အလဟဿ ဖြုန်းတီးရာရောက်သည်။ အာဆီယံစံနှုန်းနှင့်အညီ ကုန်တင်ဆောင်သွားလာခြင်းသည်သာ ယာဉ်နှင့်လမ်း ထိခိုက်ပျက်စီးမှုကို နည်းပါးစေမည့်အပြင် နိုင်ငံတော်ဘတ်ဂျက်ကိုလည်း အကျိုးရှိစွာ အထောက်အကူပြုပေမည်။

တန်ပို တင်ဆောင်ထားသော ယာဉ်တစ်စီးကို တွေ့ရစဉ်။

အဆိုပါအာဆီယံစံနှုန်းနှင့်အညီ ယာဉ်များသွားလာစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်နေခြင်း မဟုတ်ပေ။ အာဆီယံနိုင်ငံများ ကုန်တင်ဆောင်ရမည့်မှုကို ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယင်းမူနှင့်ကိုက်ညီသည့် ယာဉ်များကိုသာ ယာဉ်မှတ်ပုံတင်ခွင့်ပြုပေးရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခြားနိုင်ငံများမှ ထုတ်လုပ်သော မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုရာတွင် အာဆီယံစံနှုန်းဖြင့် ကုန်တင်ဆောင်နိုင်မည့်ယာဉ်ကိုသာ တင်သွင်းခွင့်ပြုပြီး စက်မှုဝန်ကြီးဌာနက ပြည်တွင်း၌ မော်တော်ယာဉ်များထုတ်လုပ်ခွင့်ပြုရာတွင်လည်း အဆိုပါစံနှုန်းနှင့်အညီသာ ထုတ်လုပ်ခွင့်ပြုရသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီများကလည်း လမ်းများပေါ်တွင် အာဆီယံစံနှုန်းနှင့်မညီသည့် ယာဉ်များသွားလာမှုကို တားဆီးစစ်ဆေးပြီး တရားဥပဒေအရ ထိရောက်စွာအရေးယူပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဝန်ကြီးဌာန(၆)ခုက ထိုသို့အပြန်အလှန်ဆက်စပ်ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်သည်။ ထို့အပြင် ဝန်ကြီးဌာနများသာမက လမ်းအသုံးပြုသူ ပြည်သူလူထုကလည်း သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန် အရေးကြီးပါသည်။ လမ်းအသီးသီးတွင် သွားလာနေသော ကုန်တင်ယာဉ်များအား တန်ပိုစစ်ဆေးရာ၌ ယာဉ်ကြောပိတ်ဆို့ခြင်းများ မဖြစ်ပေါ်စေရန် လမ်း/တံတားအသုံးပြုခကောက်ခံရေး ဂိတ်များတွင် ယာဉ်ကြော တစ်ကြောလျှင် ယာဉ်သွားလမ်း (၂)လမ်းစီနှင့် ကုန်ချိန်ကတ္တားလမ်း (၁)လမ်းစီ၊ စုစုပေါင်း အသွား/အပြန်လမ်း (၆)လမ်း ဖောက်လုပ်ပေးထားသည်။ ကုန်တင်ယာဉ်များ ကတ္တားတွင် အလေးချိန်



လမ်း၊ တံတားဂိတ်များတွင် လမ်း၊ တံတား အသုံးပြုခ ကောက်ခံသည့်နှုန်းထားများကို စိုက်ထူပြသထားစဉ်။

စစ်ဆေးနေသဖြင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးကိုလည်း ထိန်းသိမ်းကြပ်မတ်လျက်ရှိသည်။

သို့ဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနက စည်းကမ်းနည်းလမ်းတကျဆောင်ရွက်ပြီး သယ်ယူပို့ဆောင်စရိတ်များ ကျဆင်းအောင် ဆောင်ရွက်နေမှု၊ သတ်မှတ်နှုန်းထားအတိုင်းသာ ဂိတ်ကြေးများကောက်ခံစေမှုနှင့် ကောက်ခံရရှိငွေများအား နိုင်ငံတော်သို့စာရင်းဇယားဖြင့် စနစ်တကျ ပေးသွင်းစေမှုများကို ပြည်သူအများသိရှိနားလည်၍ တန်ပိုတင်ဆောင်ခွင့်မရသည့်အတွက် ပုံစံအမျိုးမျိုးဖြင့် တိုင်ကြားမည့်အစား မိမိလုပ်ငန်းအောင်မြင်ရေးအတွက် နိုင်ငံတော်ရငွေမဟုတ်သည့် အထွေထွေကြေး၊ ကြိုးစားကြေးများကို နည်းလမ်းတကျမဟုတ်ဘဲ ပေးကမ်းနေကြခြင်းများကိုလည်း ရဲရဲဝံ့ဝံ့ ဖော်ထုတ်တင်ပြသင့်ပေသည်။

ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများအနေဖြင့်လည်း လမ်း/တံတားအသုံးပြုခများကို များစွာလျှော့ပေါ့ကောက်ခံနေမှု၊ သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံသဖြင့် တိုင်ကြားပါက ထိရောက်စွာ အရေးယူဆောင်ရွက်နေမှု၊ တန်ပိုယာဉ်များကြောင့် အချိန်မတိုင်မီ လမ်း/တံတားများ ပျက်စီးရမှုတို့ကို ရှင်းလင်းသဘောပေါက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်သင့်ပါသည်။

အထူးတင်ပြလိုသည်မှာ မကြာမီရက်ပိုင်းအတွင်းက နေ့စဉ်ထုတ် သတင်းစာများ၌ လမ်း/တံတားအသုံးပြုခ သတ်မှတ်နှုန်းထားများကို သုံးရက်ဆက်တိုက် ဖော်ပြပေးခဲ့ပြီးဖြစ်ရာ ယင်းသတ်မှတ်နှုန်းထားအတိုင်း အတိအကျပေးဆောင်နိုင်ရန် ငွေကို တွက်ချက်ယူဆောင်လာပါက ပိုမိုအဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့နှင့် ကဆုန်ညောင်ရေသွန်းပွဲ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် မေ ၆

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် မေ ၅ ရက် နံနက် ၇ နာရီတွင် ထားဝယ်မြို့ ကနိုင်းဒါကျေးရွာ ရှေးဟောင်းရွှေဘုန်းပွင့် ယွန်းဘုရားစေတီတော်ထီးတင်ပွဲသို့ တက်ရောက်သည်။

ထို့နောက် ထားဝယ်မြို့ တိုင်းအားကစားကွင်း၌ကျင်းပသည့် (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ သရုပ်ပြမှုများကိုအားပေးကာ (၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် တိုင်းကိုယ်စားပြု ပါဝင်ချီတက်ခဲ့သော အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် သင်တန်းထူးချွန်ဆုရရှိသော မီးသတ်ဒုတိယတပ်ကြပ်ကျော်နိုင်တို့အားလည်းကောင်း၊ တိုင်းဒေသကြီးအတွင်း မီးသတ်စခန်းများအနက် စခန်းသန့်ရှင်းသာယာလှပရေး ဆုရရှိသော မြိတ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ထားဝယ်မြို့ လောကမာရဇိန် ဘုရားကြီးဝင်းဓမ္မာရုံ၌ ကျင်းပသည့် ကဆုန်ညောင်ရေသွန်းပွဲသို့တက်ရောက်ပြီး နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဃောသိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ပရိဘောဂစေတီထိုက်သော မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဆုန် ညောင်ရေသွန်းပွဲတော် သထုံ၌ကျင်းပ

နေပြည်တော် မေ ၆

ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်နှင့်ဗုဒ္ဓနေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၆ နာရီတွင် သထုံမြို့ ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံများက ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး စေတီတော်ဝင်းအတွင်းရှိ မဟာဗောဓိပင်၌ ဆရာတော်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံများက ညောင်ရေသွန်းလောင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ မန္တလေး၌ ဖျော်ဖြေ

နေပြည်တော် မေ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့၏ ဖျော်ဖြေပွဲကို မေ ၅ရက် ည ၇နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့က လှပချိန်ဆဘဲလေးအက၊ ဟာသပြကွက်၊ ပန်းကန်ပြားပဒေသာပြကွက်၊ ကြိုးတန်းလျှောက်ပြကွက်၊ ဗုံခြေစွမ်းပြကွက်၊ မြက်ဦးထုပ်လက်စွမ်းပြကွက်၊ ဒိုင်ယာဘိုလိုရွဲ့အလှပြကွက်၊ တိုင်ထောင်ဘားကျွမ်းပြကွက်၊ ပျော့ပျောင်းလှစွာ လူ့ခန္ဓာပြကွက်၊ ကြိမ်ကွင်းပဒေသာပြကွက်၊ ဘောလုံးဖမ်းမယ် တူပျော်ပျော်ကကွက်နှင့် စက်ဘီးစွမ်းရည်ပြကွက်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တရုတ်ကောင်စစ်ဝန်ချုပ်တို့က တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်၍ **(အပေါ်ပုံ)** မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ထိုင်းခြေစမ်းခရီးစဉ်မှ ရတနာပုံအသင်းပြန်လည်ရောက်ရှိ

သတင်းနှင့် ဓာတ်ပုံ — စိုးညွန့်

ရန်ကုန် မေ ၆

၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့တွင် ရလဒ်ကောင်းများ ရယူပြီး ချန်ပီယံဆုရရှိရန် ပစ်မှတ်ထားနေသည့် ရတနာပုံအသင်းသည် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲများသွားရောက်ကစားခဲ့ပြီး မေ ၅ ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ရတနာပုံအသင်းသည် MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ မစတင်မီ အကြိုပြင်ဆင်မှုအနေဖြင့် သွားရောက်ခြင်းဖြစ်ပြီး ပူးတွဲလေ့ကျင့်မှုများပြုလုပ်ကာ နိုင်ငံခြားသားကစားသမားသစ်များ၏ခြေစွမ်းကို စမ်းသပ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ကစားသမားများ နိုင်ငံတကာအတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး နောက်ဆုံးခြေစမ်းပွဲအဖြစ် ကရာဘီ F.C နှင့် ကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ ၅၂ စက္ကန့်တွင် ရဲကိုဦး၊ ၃၃ မိနစ်တွင် ရန်ပိုင်တို့ သွင်းယူသောဂိုးများဖြင့် ပထမပိုင်းအပြီးတွင် ရတနာပုံတို့နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးပြန်ပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ရတနာပုံအသင်းအုပ်ချုပ်သူ ဦးအောင်ထွန်းဦးနှင့် ကရာဘီ F.C တာဝန်ရှိသူများ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။ **(ဝဲပုံ)**

စိန်ခေါ်သူအောင်ကျော်ထွန်း(နဂါးမာန်)နှင့် ဝါးရင်းတုတ်ဖိုးကေတို့ ယှဉ်ပြိုင်ထိုးသတ်

တောင်ငူ မေ ၆

တောင်ငူမြို့ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး အကြိမ် (၂၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ်အဖြစ် တောင်ငူမြို့ မိုးလုံလေလုံ အားကစားရုံကြီးတွင် မေ ၄ရက် မွန်းလွဲ ၁နာရီက မြန်မာ့ရိုးရာလက်ဝှေ့ သုံးချီစိန်ခေါ်ပွဲသုံးပွဲ၊ သုံးချီ အထူးစိန်ခေါ်ပွဲတစ်ပွဲ၊ လေးချီ စိန်ခေါ်ပွဲနှစ်ပွဲနှင့် ငါးချီ စိန်ခေါ်ပွဲ သုံးပွဲ စုစုပေါင်းကိုးပွဲ ယှဉ်ပြိုင်ထိုးသတ်သွားခဲ့ပြီး မေ ၅ ရက် မွန်းလွဲ ၂နာရီတွင် သုံးချီ စိန်ခေါ်ပွဲ ခြောက်ပွဲ၊ သုံးချီအထူးစိန်ခေါ်ပွဲ တစ်ပွဲ၊ လေးချီအထူးစိန်ခေါ်ပွဲနှစ်ပွဲ နှင့် ငါးချီအထူးစိန်ခေါ်ပွဲနှစ်ပွဲ စုစုပေါင်း ၁၁ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

အလဲထိုးအနိုင်ယူ

နောက်ဆုံးပွဲစဉ်အဖြစ် ငါးချီအထူးစိန်ခေါ်ပွဲကြီးတွင် စိန်ခေါ်သူ အောင်ကျော်ထွန်း (နဂါးမာန်) နှင့်ဝါးရင်းတုတ်ဖိုးကေတို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ရေကုန်ရေခန်း ကြိုးစားထိုးသတ်ကြသဖြင့် ပရိသတ် အကြိုက်တွေ့ပြီး စိန်ခေါ်သူ အောင်ကျော်ထွန်း(နဂါးမာန်)ကို ဖိုးကေက အလဲထိုး အနိုင်ယူထိုးသတ်နိုင်ခဲ့သည်။ ပထမအချီတွင် စိန်ခေါ်သူ အောင်ကျော်ထွန်းက ဖိုးကေကိုအသာစီးဖြင့် ထိုးနိုင်ခဲ့ဟန်ရှိသော်လည်း ပြိုင်ပွဲအတွေ့အကြုံနှင့် လက်သီးချင်းယှဉ်ထိုးရာတွင် ဖိုးကေကိုမယှဉ်နိုင်ဘဲ တတိယအချီ ၂ မိနစ် ၃၈ စက္ကန့်တွင် စိန်ခေါ်သူ အောင်ကျော်ထွန်း ဖိုးကေ၏တရစပ်လက်သီးချက်ကို ကျောပေးရှောင်ပြေးလဲကျရင်းအနားတောင်းယူခဲ့ရသည်။ အနားတောင်းပြီး ပြန်လည်ထိုးသတ်ချိန်မှစ၍ အသာစီးရသွားသော ဖိုးကေက လက်သီးတွဲလုံးများဖြင့် စိန်ခေါ်သူ အောင်ကျော်ထွန်းအား အဆက်မပြတ် ဖိအားပေးထိုးသတ်ရာမှ ပွဲချိန် လေးချီမြောက် ၁ မိနစ်၄ စက္ကန့်တွင် စိန်ခေါ်သူ အောင်ကျော်ထွန်း အမှတ်စဉ်ရေတွက်ခံရပြီး ပြိုင်ဘက် ဝါးရင်းတုတ်ဖိုးကေကို အရှုံးပေးလိုက်ရသည်။ ***(၁၂၃)***

အောင်ကျော်ထွန်း(နဂါးမာန်)နှင့်ဖိုးကေတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

နွေရာသီဖိတ်ခေါ် 3 on 3 အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များဆက်

ရန်ကုန် မေ ၆

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၂ ခုနှစ် နွေရာသီဖိတ်ခေါ် 3 on 3 အမျိုးသား/ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲဒုတိယနေ့ပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ဆက်လက် ကျင်းပသည်။ **(ဝဲပုံ)**

ဗိုလ်လုပွဲ

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး အလွတ်တန်းနှင့် အသက် ၁၆ နှစ်အောက်ပြိုင်ပွဲတွင် အုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ် ၄၈ ပွဲ ကျင်းပပြီး မတ် ၇ ရက်တွင် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ၌ မိုးဆက်လက်ရွာမည်

နေပြည်တော် မေ ၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လောင်းလုံမြို့တွင် ၄ ဒသမ ၆၁ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ မြဝတီမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၉၃ လက်မနှင့် ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၈၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

ကဆုန်ညောင်ရေသွန်းပွဲတော် မြစ်ကြီးနားမြို့၌ကျင်းပ

နေပြည်တော် မေ ၆

ကဆုန်လပြည့် ဗုဒ္ဓနေ့ ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၅ ရက် ညနေ ၄ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လောကမာရ်အောင်ဆုတောင်းပြည့်မြတ်စွာဘုရား ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ခံရယူ

ဇဟာန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ဝန်ထမ်း ၃၇ ဦးအတွက် ဌာနဝတ်စုံထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၄ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းငွေးက ငွေကျပ် ၆၃၅၄၀၀ တန်ဖိုးရှိ ဝတ်စုံများကိုပေးအပ်ပြီး ဝန်ထမ်းများကိုယ်စား မြို့နယ် ဒုတိယဦးစီးမှူး ဦးဝင်းနိုင်စိုး လက်ခံရယူစဉ်။

(မြို့နယ် ထွေ/အုပ်)

ရေဘေးကာကွယ်ရေးနှင့် စိုက်ပျိုးရေးအတွက် အကျိုးပြုမည့် ရေဖော်တူးမြောင်း

ပုသိမ် မေ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ သောင်ကြီးကျေးရွာအုပ်စု ဒေါင့်ကြီးဘက်ကျေးရွာအနီးမှ ဖြတ်ပြီး ရေဘေးကာကွယ်ရေးအတွက် ရေဖော်တူးမြောင်း ဖောက်လုပ်နေကြောင်းသိရ၍ စာရေးသူ သွားရောက်လေ့လာခဲ့သည်။

ရေဖော်တူးမြောင်းဖောက်လုပ်မှုကို ဆည်မြောင်းဦးစီးဌာနနှင့်အတူ မြန်မာ့အလှ ကုမ္ပဏီလီမိတက်နှင့် MMC မြန်မာ့စွမ်းပကား ကုမ္ပဏီလီမိတက်၊ ဇွဲခန့်ဝင်းကုမ္ပဏီ လီမိတက်တို့မှ ဝန်ထမ်းအင်အား ၂၀၀ ခန့်တို့က မြေတူးစက် ၁၅စီး၊ မြေဖြန့်စက် ခြောက်စီး၊ မြေသယ်ယာဉ် ၃၆ စီး စုစုပေါင်း ၅၇ စီးဖြင့် နေ့မအား ညမနား ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ထိုကဲ့သို့ ဆောင်ရွက်သည့်အတွက် ငဝန်မြစ်၏ ကောက်ကွေ့သောမြစ်ကြောင်းကို တစ်ဖြောင့်တည်းဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ရာ မြို့နယ်များ ငဝန်မြစ်ရေ တိုက်စားမှုဖြင့် တာကျိုးမည့် ဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်သည့် လုပ်ငန်းဖြစ်ကြောင်း သိရှိရသည်။ ယခင်က ငဝန်မြစ်ကြောင်းသည် ကောက်ကွေ့သည့်အတွက် အချို့နေရာတွင် သောင်ထွန်း၍ တချို့နေရာတွင် ကမ်းပြိုသည့်ဒဏ်ကိုခံစားရပြီး မြို့များပျောက်၍ လူနှင့်သတ္တဝါများ သေဆုံးခဲ့ရသည်။ ဥစ္စာပစ္စည်းများလည်း ဆုံးရှုံးခဲ့ရသည်။

စီးပွားရေးလုပ်ငန်းဖြစ်သော ကိုင်းစိုက်ခြင်းလုပ်ငန်းကို နွေအခါတွင်သာ စိုက်ပျိုးနိုင်ပြီး မိုးတွင်းတွင် လယ်ယာများကို စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ပေ။ ယခုအခါ ရေဖော်တူးမြောင်းကြောင့် လယ်ယာများကို နွေ၊ မိုး၊ ဆောင်း သုံးရာသီတွင် စိုက်ပျိုးမွေးမြူနိုင်တော့မည်ဖြစ်သည်။

ငါးသိုင်းချောင်းမြို့နယ် အနီးရှိ ငဝန်မြစ်ထိန်းဗောဓိတာသည် မိုးတွင်းကာလ လွန်မြောက်ချိန်မှစ၍ အလွန်ဆိုးရွားသော ကမ်းပြိုပျက်စီးမှုများ ရှိနေသဖြင့် ၎င်းတာကျိုးသည့်နေရာတွင် ပန်းတာတစ်ခုဆောက်လုပ်ခြင်းနှင့် မြစ်ကြောင်းဖြောင့်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာ ရေထိန်းသိမ်းရေးဌာန ဆည်မြောင်းဦးစီးဌာနနှင့် ကုမ္ပဏီလီမိတက်များ ပူးပေါင်း၍ အချိန်မီ ပြီးစီးနိုင်ရေးအတွက် နေ့မအား ညမနား ဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရသည်။

သောင်ကြီးကျေးရွာအုပ်စု အထက်စု ကျေးရွာမှ ဒေါင့်ကြီးကျေးရွာအုပ်စု သောင်ဖျားကျေးရွာအထိ ဆောင်ရွက်နေခြင်းဖြစ်သည်။ မြစ်ကြောင်းမှာ ဂငယ်ကွေ့ဖြစ်သည့်အတွက် တစ်ဖြောင့်တည်းဖြစ်ရန် ဖောက်လုပ်ဆောင်ရွက်သွားမည် ဖြစ်သည်။

သတင်းမှတ်စု

မောင်တင်လှိုင်(ဟိုတယ်/ခရီး)

အရှည်ပေ ၇၃၈၀ ရှိပြီး ထိပ်ဝ အကျယ်ပေ ၁၆၀၊ အနက် ၄၂ ပေ ရှိသည်။

ငဝန်မြစ်ထိန်းတာကြီးကို ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းအားဖြင့် သဘာဝ ဘေးအန္တရာယ်များကို ကာကွယ်ရာရောက်စေသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါင့်ကြီးဘက်ကျေးရွာအနီးမှဖြတ်၍ ရေဖော်တူးမြောင်းဖောက်လုပ်နေမှုကို ဤသို့တွေ့ရသည်။

သရုပ်ပြ

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က ရမည်းသင်းမြို့ မီးသတ်ဦးစီးဌာန၌ ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်များက ဝတ်စုံပြည့်ဖြင့် အသက်ကယ်ရှာဖွေရေး ကြိုးတန်းကူး စွမ်းရည်ပြခြင်း သရုပ်ပြကြစဉ်။

(၄၀၆)

ယာဉ်မတော်တဆဖြစ်ပွားမှုလျော့နည်းရေး စည်းကမ်းတကျလိုက်နာပေး

နေပြည်တော် မေ ၆

မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးတက်လာသကဲ့သို့ အသုံးပြုသည့် ယာဉ်များမှာလည်း ပိုမိုများပြားလာမှုကြောင့် ယာဉ်တိုက်မှုများပြားလာကာ သေဆုံးသူ၊ ဒဏ်ရာရရှိသူများမှာလည်း ပိုမိုများပြားလာခဲ့သည်။ ယင်းကဲ့သို့ ယာဉ်တိုက်မှု ဖြစ်ပွားခြင်းများ လျော့နည်းကျဆင်းစေရန်အတွက် ယာဉ်စည်းကမ်းဖောက်ဖျက်မှုနှင့် ယာဉ်မတော်တဆမှုလျော့နည်းကျဆင်းရေး စီမံချက်များ ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။

အရေးယူ

ယာဉ်မတော်တဆမှုများအနေဖြင့် တစ်နှစ်တာကာလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၀၁၀ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၂ ခုနှစ် မတ် ၃၁ရက်အထိ ယာဉ်မတော်တဆမှု ၁၀၃၉၂မှု ဖြစ်ပွားခဲ့ပြီး လူ ၁၈၁၁၂ ဦး ဒဏ်ရာရရှိကာ ၂၉၈၉ ဦး သေဆုံးခဲ့သည်။ ပေါ့လျော့စွာမောင်းနှင်ခဲ့သူ ၁၀၄၉၆ဦးအား အရေးယူခဲ့ရသည်။

ပညာပေးဟောပြော

အဆိုပါ ယာဉ်မတော်တဆမှုများဖြစ်ပွားရခြင်းမှာ အဓိကအကြောင်းအရင်း(၄)ချက်ဖြစ်သည့် လူ၏မှားယွင်းမှု၊ ယာဉ်ချွတ်ယွင်းမှု၊ လမ်းချွတ်ယွင်းမှုနှင့် ရာသီဥတုတို့ကြောင့် ဖြစ်ပွားလျက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်ယာဉ်မတော်တဆမှုများ လျော့နည်းရေးအတွက် စည်းကမ်းပျက်ယာဉ်များအား စစ်ဆေးအရေးယူခြင်း၊ လမ်းအသုံးပြုသူများအား အသိပညာပေးခြင်း၊ ကျေးရွာများအထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းတို့ကို နေ့စဉ်နှင့်အမျှ ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဧပြီလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် (၈၁)ကြိမ် ဟောပြောနိုင်ခဲ့ပြီး ကျောင်းသားကျောင်းသူ ၂၉၅၆ ဦး၊ ပြည်သူ ၃၇၇၄ဦး၊ ယာဉ်မောင်း/နောက်လိုက် ၁၉၉၃ဦး၊ တပ်ဖွဲ့ဝင် (စစ်သည်) ၇၃၁ ဦး၊ အငှားယာဉ်လုပ်သား ၂၅၈ ဦး စုစုပေါင်း ၉၇၆၂ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောမှုများ ဆောင်ရွက်နိုင်ခဲ့သည်။

(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြန်မာ့အလင်း လူမှုစီးပွားသတင်း

ပြည်တွင်းဟိုတယ်များရှိ အခန်းလွတ်များစာရင်းကောက်ယူ

ရန်ကုန် မေ ၆

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် တည်းခိုသူများ အခန်းလုံလောက်စွာ မရရှိမှုများ မဖြစ်ပေါ်စေရန်ရည်ရွယ်၍ ပြည်တွင်းဟိုတယ်များ၏ အခန်းအရေအတွက်နှင့် တည်းခိုသူများအတွက် အသုံးမပြုဘဲထားသည့် အခန်းစာရင်းများအား ကောက်ယူမှု ယခုလမှစတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

"အရင်က ဟိုတယ်အများစုက အခန်းလွတ်များနေမှာစိုးတာကြောင့် ဈေးကွက်အရ ရုံးခန်းအငှားဖွင့်တာ၊ စာသင်ခန်းအနေနဲ့ အငှားဖွင့်တာ၊ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်ရုံးဖွင့်တာ စသဖြင့် အငှားပေးထားကြတာရှိတယ်။ အခုနောက်ပိုင်းမှာ ခရီးသွားဝင်ရောက်မှုက မြင့်တက်လာတဲ့အပြင် ပြည်ပရင်းနှီးမြှုပ်နှံသူတွေလည်း နောက်ပိုင်းမှာ ပိုမိုဝင်ရောက်လာမှာဖြစ်တဲ့အတွက် ဟိုတယ်/ခရီးက အခန်းတွေကို ပြန်စိစစ်ပြီး စာရင်းကောက်လျက်ရှိပါတယ်။ ဒါမှသာ ဧည့်သည်နဲ့ တည်းခိုနေရာ demand ကို အတိအကျတွက်ချက်နိုင်မှာဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"ဂျာနယ်အချို့နဲ့ ကုမ္ပဏီရုံးခန်းအချို့ဆိုရင် ဟိုတယ်တွေမှာ ဖွင့်ထားတာ အတော်ကိုကြာလှပါပြီ။ အများစုကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ နေရာထိုင်ခင်းကောင်းမွန်မှုတွေကြောင့် အလုပ်နေရာအဖြစ်ရွေးချယ်ခဲ့ကြပေမယ့် ဒီတစ်ခေါက် စာချုပ်သက်တမ်းပြည့်တာနဲ့ အခန်းတွေပြန်အပ်ရဖို့များနေတယ်။ ဒါမှလည်း ခရီးသွားဧည့်သည်တွေအတွက် အခန်းလုံလောက်မှုရရှိနိုင်မယ်"ဟု ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများက ခန့်မှန်းသည်။ မြန်မာနိုင်ငံ၌ ဈေးကွက်စီးပွားရေးစနစ်ပွင့်လင်းရန် ရောင်ခြည်သန်းကာလအတွင်း လုပ်ငန်းရှင်အချို့ မျက်စိကျလျက်ရှိသည့်လုပ်ငန်းမှာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံဒေသအသီးသီးရှိ ဟိုတယ်အရေအတွက်သည် ရှိသင့်သည်ထက် နည်းပါးနေကြောင်း ဟိုတယ်လုပ်ငန်းရှင်များက ခန့်မှန်းကြသည်။

ခင်လေးမြင့်အောင်

မေ ၃ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက တန်ဖိုးငွေကျပ် ၆၈၈၅၀၀ရှိ တူညီဝတ်စုံများအား ဝန်ထမ်းတစ်ဦးချင်းထံသို့ ပေးအပ်စဉ်။

(၀၄၄)

မြန်မာ့အလင်း စာအုပ်ခင်ကဏ္ဍ ၆-၅-၂၀၁၂

ကိုလင်း- စုစည်းသည်

မြန်မာ့ရက်စဉ်သမိုင်း တတိယတွဲအပိုင်း(၁)နှင့် အပိုင်း(၂) ထွက်ရှိ

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက မြန်မာ့ရက်စဉ်သမိုင်း တတိယတွဲ အပိုင်း(၁)နှင့် အပိုင်း(၂) စာအုပ်နှစ်အုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ စာအုပ်နှစ်အုပ်ဟုဆိုသော်လည်း တစ်အုပ်တည်းသာဖြစ်သည်။ စာမျက်နှာပေါင်း ၁၁၈၀ ပါဝင်သဖြင့် စာဖတ်သူပရိသတ်တို့ လေ့လာလျှင် လွယ်ကူစေရန် နှစ်အုပ်ခွဲ၍ ထုတ်ဝေရခြင်းဖြစ်သည်။ ၂၀၀၉ ဇန်နဝါရီမှ ၂၀၁၁ မတ်လအထိ မြန်မာနိုင်ငံ၏ နေ့စဉ်ဖြစ်ရပ်များကို တစုတစည်းတည်း ဖတ်ရှုနိုင်ရန် ပေါင်းစုထားခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အုပ်ချုပ်ရေးကာလမှသည် ရွေးကောက်ပွဲကျင်းပခဲ့သည့် ဖြစ်စဉ်များနှင့်အတူ ပြောင်းလဲပေါ်ထွန်းလာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ် စတင်သည်အထိ စုဆောင်း၍ မှတ်တမ်းတင်ထားသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာပြီး မြန်မာနိုင်ငံသမိုင်း ကဏ္ဍသစ်တစ်ရပ် ဖွင့်နိုင်ခဲ့သည်အထိ သိရှိနိုင်သည်။

၂၀၀၉ ဇန်ဝါရီမှ ၂၀၁၁ မတ်လအထိ ဖြစ်ရပ်ဖြစ်စဉ်များအပေါ်တွင် ရွေးကောက်ပွဲကျင်းပပေးနိုင်ရေးအတွက် ထုတ်ပြန်ပေးခဲ့သော ဥပဒေများ၊ ကြေညာချက်များ၊ ဖွဲ့စည်းခြင်းများ၊ ခန့်အပ်တာဝန်ပေးခြင်းများ စသည်တို့ကို နောက်ဆက်တွဲ အပိုင်း(၂)အဖြစ် ဖော်ပြထားသည်။

ယခုထုတ်ဝေသော မြန်မာ့ရက်စဉ်သမိုင်း တတိယတွဲ အပိုင်း(၁)နှင့် အပိုင်း(၂)စာအုပ်ကို နေပြည်တော် ရုံးအမှတ်(၃၅) ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနနှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ဝင်းအတွင်းရှိ သမိုင်းသုတေသနဦးစီးဌာနတို့တွင် ဝယ်ယူနိုင်ကြောင်း၊ အပိုင်း(၁) တန်ဖိုးငွေကျပ် ၃၀၀၀၊ အပိုင်း(၂) တန်ဖိုးငွေကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၇) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ကြည်အောင် (ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ စောရန်နိုင်၊ (မန်ကျည်းစောက်)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ မောင်သာချစ်(ဝက်လက်)၊ ပုလော-စိုးနန့်သာ၊ အောင်သာဆန်း(သံတွဲ)၊ ကြည်မျိုးထက်(ဒိုက်ဦး)၊ မြသီဂီ၊ မြတ်ဘုန်း(တပ်ကုန်း)တို့၏ အဖွင့်ကဗျာများ၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ စစ်ကိုင်းစိမ်းစိမ်း၊ ဇေယျာအောင် (MU)၊ တင်အေးကျော်(သာယာဝတီ)၊ ကျော့ဝင်း(မိုးညှင်း)၊ ပြုံးချို (ဝါးခယ်မ)၊ မောင်အောင်မြင့်(မိတ္ထီလာ)၊ စိန်သောင်း(အောင်သာရွာ)၊ ကွန်းအားရှင်၊ လယ်ကိုင်းလှဘုန်း၊ ဦးဇော်ဝင်း၊ မောင်ဆန္ဒ(လယ်ဝေး)၊ မောင်မြထွေး (ပင်လယ်)၊ တက္ကသိုလ်စိုးယဉ်၊ မောင်မောင်ထွန်းလင်း(မြင်းမူ)နှင့် မွေးငယ်ငယ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မလေး(မုံရွာ)၊ တင့်ထွန်း(ချောက်)၊ ရွှေခြံဆွေဦး၊ နန်းနန်း၊ ဌေးပုလဲ၊ မောင်မောင်ကြည်သန့်(ရတနာမြေ)နှင့် မြင့်လွင် (ဂျပန်ဘာသာ)တို့၏အခန်းဆက်ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဘာသာပြန်ဝတ္ထုတိုများ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ မှတ်သားစရာ သတ်ပုံကဗျာ၊ တောခလေ့ စာပန်းချီ၊ ကဗျာပန်းရုံရိပ်၊ ရသစာနှုန်းစားမှု၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသား၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍနှင့် ပုံပြင်ကဏ္ဍစုံလင်စွာဖြင့် ဖတ်ရှုချင်စဖွယ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဖုန်း-၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂ နှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်း ကြေးအိုးနှင့် ရန်ကင်းပညာရေးကောလိပ်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

သက်ကြီးပူဇော်ပွဲ၊ ဓမ္မာရုံရေစက်ချပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲ လှိုင်သာယာ၌ကျင်းပ

ရန်ကုန် မေ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် သက်ကြီးပူဇော်ပွဲ၊ ဓမ္မာရုံရေစက်ချပွဲနှင့် ပညာ့ရောင်ခြည် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက် ရှင်စောပုလမ်း မြေတိုင်း(ခ) မြေအမှတ်(၁၅၂)၌ ဧပြီ ၂၉ ရက်က ကျင်းပသည်။

သက်ကြီးပူဇော်ပွဲကို သာသနာ့ရောင်ခြည်နှစ်ထပ်ဓမ္မာရုံ၌ ကျင်းပရာ အသက်(၇၅)နှစ်အထက် အဘိုး၊ အဘွား ၄၅ ဦးအား ပူဇော်ကန်တော့ပြီး ဓမ္မာရုံရေစက်ချလှူဒါန်းပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ထို့နောက် ပညာ့ရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမိုးသူ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းနှင့် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီ နာယက ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၃၃)

အောင်လံမြို့နယ်၌ မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

အောင်လံ မေ ၆

အောင်လံမြို့တွင် (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီခွဲက မြို့နယ်အားကစားကွင်းအတွင်း၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင်များက အပေါ့စားမီးသတ်စက်ဖြင့် မီးသတ်လေ့ကျင့်ခန်းသရုပ်ပြခြင်း၊ ဆီမီးလောင်မှုအား(ဒီစီပီ)မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်များဖြင့် ရေပက်သရုပ်ပြခြင်း၊ အသက်ကယ်စွမ်းရည်ကြိုးကူးနည်းစနစ် သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၁၉)**

မိတ္ထီလာ၌ မှုခင်းဖော်ထုတ်မှု ဂုဏ်ပြုပွဲကျင်းပ

မိတ္ထီလာ မေ ၆

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ဝင်များက လုယက်မှု၊ ခိုးမှုများကို အချိန်တိုအတွင်း ဖော်ထုတ်ပေးခဲ့သဖြင့် ကာယကံရှင်များမှ မှုခင်းဖော်ထုတ်သည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်က မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ကာယကံရှင် ဒေါက်တာဒေါ်နန္ဒာနှင်းနှင့် ဒေါ်နွယ်နီတို့က ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ တပ်ဖွဲ့ဝင်များကိုယ်စား မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်သော်က လက်ခံယူသည်။ ဆက်လက်၍ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်မင်းသန်းက မှုခင်းဖြစ်ပွားမှုအခြေအနေနှင့် ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (၀၁၂)

မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်းသွယ်(၇) အမှတ် ၅၇၃ နေ ဦးမျိုးညွန့်နှင့် တူ တူမများမှ ဦးလေး ဒေါက်တာဦးစိုးရအားရည်စူး၍ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင်နှင့်အဖွဲ့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

❐ ကျောဖုံးမှ

စုစည်းထိန်းချုပ်ရှင်းလင်းခြင်း၊ ရေမှော်များ ရှင်းလင်းခြင်း လုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

တီထွင်ထုတ်လုပ်

ထိုသို့ ဆောင်ရွက်လျက်ရှိသော စက်ယန္တရားကြီးများမှာ ဟောင်းနွမ်းနေပြီဖြစ်ရာ ယခုအခါ ဒေသနှင့်ကိုက်ညီမည့် စက်ယန္တရားအသစ်များ တီထွင်ထုတ်လုပ်၍ ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန်အတွင်းမှ ဗေဒါ၊ ရေမှော်များနှင့် သဲနုန်းများကို ရေပြင်ကျယ် တစ်နေရာမှ စွန့်ပစ်လိုသော နေရာသို့ သယ်ယူသွားပြီး စွန့်ပစ်နိုင်ရန် ဟိုက်ဒရောလစ်စနစ်သုံး သယ်ပို့စက်ရေယာဉ် TRANSPORT BARGE (DUMPER) ဖြင့် လည်းကောင်း၊ TRANSPORT BARGE (CLAMSHELL) ကောက်ယူသယ်ပို့ စက်ရေယာဉ်များဖြင့်လည်းကောင်း ဗေဒါ ရေမှော်များကို ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။ ကောက်ယူသယ်ပို့စက်ရေယာဉ်မှာ ဗေဒါ၊ ရေမှော်လေးကျင်း (သို့မဟုတ်) ရှစ်တန် အလေးချိန် တင်ဆောင်နိုင်ပြီး တစ်နာရီလျှင် ပျမ်းမျှ ရေမိုင် ငါးမိုင်ခန့် မောင်းနှင်နိုင်သည်။ စက်တစ်စီးတည်းဖြင့် ကန်ရေပြင်ရှင်းလင်းရေးကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်သည်ဖြစ်၍ အင်းလေးကန်အတွက် အလွန်အသုံးဝင်သော စက်ယန္တရားဖြစ်သည်။

ထို့ပြင် သဲနုန်း၊ ကျွန်းမျော၊ ရေမှော်၊ ဗေဒါများအား ရေပြင်အလယ်မှ ကမ်းသို့ ရွှေ့လျားခါးပတ်စနစ် (BELTCONVEYOR EQUIPMENT) ဖြင့် စဉ်ဆက်မပြတ်လုပ်ငန်း တွင်ကျယ်စွာ ဆောင်ရွက်နေပြီး စက်နှစ်စီးကို နေရာနှစ်နေရာတွင် ပေ ၁၀၀ အကွာအဝေးသို့ ရေမှော်၊ ဗေဒါများ စွန့်ပစ်ရာတွင်လည်းကောင်း၊ တစ်နေရာတည်းတွင် စက်နှစ်စီးကို ပေ ၂၀၀ အကွာအဝေးသို့ စွန့်ပစ်ရာတွင်လည်းကောင်း ကောင်းစွာအသုံးပြုလျက်ရှိသည်။

အင်းလေးကန်ကဲ့သို့ ရေပြင်ကျယ်တွင်သာမက ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော ရေပေးမြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသ ချောင်းများတွင်ပါ အသုံးပြုနိုင်သော ရေပေါ်မြေတူးစက် (BACKHOE ON FLOAT) တစ်စီးဖြင့်လည်း အင်းလေးကန် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဆည်မြောင်းဦးစီးဌာနသည် စိုက်ပျိုးရေးအတွက် ဆည်၊ တာတမံတည်ဆောက်ပေးရုံသာမက နိုင်ငံအတွက် အဓိကကျသည့် သမိုင်းဝင် ကမ္ဘာသိ မြန်မာသိ အင်းလေးကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အင်းလေးကန်သာယာလှပရေးအတွက် နုန်းဖမ်းတမံများ တည်ဆောက်ခြင်း၊ နုန်းထိန်းတမံများ တည်ဆောက်ခြင်း၊ သဲနုန်းများတူးဖော်ခြင်း လုပ်ငန်းနှင့် ဘက်စုံစီမံကိန်းကြီးများစွာကို စက်အား၊ လူအားဖြင့် နေ့ညမပြတ်ဆောင်ရွက်နေသော အဓိကဌာနကြီးဖြစ်သည်။

မျက်မြင်လက်တွေ့

ဆည်မြောင်းဦးစီးဌာန၊ စက်မှုဌာနခွဲကလည်း ဒေသလုပ်ငန်းနှင့်ကိုက်ညီမည့် စက်ယန္တရားအသစ်များတီထွင်ထုတ်လုပ်ခြင်း၊ အင်းလေးကန်အတွင်းရှိ အိုမင်းဟောင်းနွမ်းနေသည့် စက်ယန္တရားများကို အချိန်မီသုံးစွဲနိုင်ရန် ထိန်းသိမ်းနိုင်ရုံမျှမက ခေတ်စနစ်နှင့်အညီ ခေတ်မီဆန်းသစ်သောဒီဇိုင်းပုံစံများ ပြုပြင်ပြောင်းလဲပုံစံ လှပဆန်းသစ်ပေးခြင်း လုပ်ငန်းမှာ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ဤကဲ့သို့ စက်မှုပညာရှင်များ၏ တီထွင်ကြံဆမှုများကြောင့် နိုင်ငံခြားထွက်ငွေ အကုန်အကျ သက်သာပြီး ပြည်တွင်းတွင် ဆန်းသစ်တီထွင်ထုတ်လုပ်အောင်မြင်နေသည်မှာ မျက်မြင်လက်တွေ့ပင်ဖြစ်သည်။

သို့ဖြစ်ရာ ဆည်မြောင်းဦးစီးဌာနသည် ခေတ်မီစက်ယန္တရားအသစ်ကြီးများဖြင့် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မကြာမီ အင်းလေးကန်ကြီး စိမ်းလန်းစိုပြည် သာယာလာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။



အင်းလေးကန်ရေပြင်ပေါ်မှ ဗေဒါနှင့်ရေမှော်များကို ကောက်ယူစွန့်ပစ်နိုင်ရန် သယ်ပို့စက်ဖြင့် သယ်ယူစဉ်။

အင်းလေးကန်ရေပြင်ကျယ်တွင် ရေပေးမြောင်းကို ရေပေါ်မြေတူးစက်ဖြင့် ဤသို့ တူးဖော်နေသည်ကို တွေ့ရသည်။

❍ ကျောဖုံးမှ

ဂိုးပေါက်နဲ့ ပွတ်ကာသီကာ လွဲချော်သွားခဲ့တာကြောင့် တစ်ဂိုးနစ်နာသွားခဲ့ရပါတယ်။ နယူးကာဆယ်တို့ ချေပဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားရာမှာ ပွဲချိန် ၇၈ မိနစ်မှာတော့ ဆစ်ဆီအပိုင်ကန်သွင်းခဲ့ပေမယ့် မန်စီးတီးဂိုးသမားဂျိုးဟတ် ပုတ်ထုတ်ကာကွယ်လိုက်နိုင်ပါတယ်။ ပွဲချိန် ၈၃ မိနစ်မှာတော့ မန်စီးတီးတိုက်စစ်မှူး ယာယာတိုရေး နယူးကာဆယ်ဂိုးသမားနဲ့ တစ်ဦးချင်းတွေ့ပြီး ကန်သွင်းဖို့ကြိုးစားသော်လည်း နယူးကာဆယ်ဂိုးဧရိယာအတွင်း ခြေခေါက်ကျသွားသဖြင့် မန်စီးတီးတို့ အပိုင်တစ်ဂိုးနစ်နာသွားခဲ့ရပြန်ပါတယ်။ ဒါပေမယ့် ပွဲချိန် ၈၈ မိနစ်မှာတော့ ယာယာတိုရေးကပဲ ကလစ်ချီရဲ့ ပေးပို့မှုမှတစ်ဆင့် တစ်ဂိုးထပ်မံသွင်းယူခဲ့တာကြောင့် မန်စီးတီးက နှစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး ဒီနှစ်ပရီမီယာလိဂ်ဖလား အိပ်မက်အတွက် ရှင်သန်နိုင်ခဲ့ပြီဖြစ်ပါတယ်။

အခြားပွဲရလဒ်များ

အက်စ်တွန်ဗီလာ	၁-၁	စပါး
ဘော်လ်တန်	၂-၂	ဝက်စ်ဘရွန်း
ဖူလ်ဟမ်	၂-၁	ဆန်းဒါးလန်း
ကျူပီအာ	၁-၀	စတုတ်
ဝုဗ်	၀-၀	အဲဗာတန်
မန်ယူ	၂-၀	ဆွမ်ဆီး

စီးရီးအေပွဲစဉ် (၃၇) အနိုင်အရှုံးရလဒ်

ဆီနာ	၀-၂	ပါးမား
နိုဗာရာ	၃-၀	ဆီစင်နာ
ပါလာမို	၄-၄	ချီယေဗို
အူဒီးနိစ်	၂-၀	ဂျီနိုအာ
အတ္တလန္တာ	၀-၂	လာဇီယို

(အင်တာနက်)

လေးမျက်နှာမြို့နယ်အတွင်း လေဆင်နှာမောင်းတိုက်ခတ်

လေးမျက်နှာ မေ ၆

လေးမျက်နှာမြို့နယ်တွင် မေ ၂ ရက် ညနေ ၆ နာရီခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ကတက်ကျေးရွာ၌ အမကနှင့် ကျေးလက်ဆေးပေးခန်းတို့မှ သွပ်မိုးအကာ၊ ဒိုင်းမြားများပျက်စီးလွင့်ပါသွားပြီး အိမ်နှစ်လုံးမှာ သစ်ပင်များ ပိကျသဖြင့် ပျက်စီးသွားသည်။ ထို့ပြင် ကညင်ကွင်းကျေးရွာ အမကနှင့် လူနေအိမ်နှစ်လုံး သစ်ပင်ဝါးပင်များ ကျိုးကျသဖြင့် ပျက်စီးသွားကြောင်း သိရှိရသည်။ (၀၇၇)

✻ ကျောဖုံးမှ

ပထမဆုံးသော ကူးသန်းရောင်းဝယ်ရေးကုန်တင်အာကာသယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်သွားမည်ဖြစ်ကြောင်း သောကြာနေ့တွင် ကြေညာခဲ့သည်။

အဆိုပါကုန်တင်အာကာသယာဉ်ကို တနင်္လာနေ့က လွှတ်တင်ရန် စီစဉ်ထားခဲ့သော်လည်း ဆော့ဖ်ဝဲလ်စမ်းသပ်မှုမအောင်မြင်ခဲ့သဖြင့် ရက်ရွှေ့ဆိုင်းခဲ့ရသည်ဟုဆိုသည်။ ၎င်းကုန်တင်အာကာသယာဉ်ပျံသန်းရေးစမ်းသပ်မှုကို သုံးလကြာစမ်းသပ်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။ နာဆာက နိုင်ငံတကာအာကာသစခန်းသို့ လွန်းပြန်ယာဉ်များဖြင့် ပစ္စည်းများ ပေးပို့ရာတွင် အသုံးပြုခဲ့သည်။ ယခုအခါ လွန်းပြန်ယာဉ်များမှာ ပြီးခဲ့သည့် နွေရာသီက အနားပေးခဲ့ပြီဖြစ်သည်။ နာဆာက ယခုအခါ နိုင်ငံတကာအာကာသစခန်းသို့ ပစ္စည်းများ တင်ပို့ရေးနှင့် အာကာသယာဉ်မှူးများလွှတ်ရေးအတွက် ပုဂ္ဂလိကအာကာသယာဉ်များ စေလွှတ်မှု အလိုရှိနေသည်။ **(အင်တာနက်)**

ပြည်ထောင်စုဖွား
သွေးချင်းများ
တားဆီးကာကွယ်
မီးရန်စွယ်

◆ ကျောဖုံးမှ

အခြားစပါးမျိုးများ၏ လက်ရှိပေါက်ဈေးမှာ တင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀ ခန့်သာရှိကြောင်း သိရှိရသည်။

ပင်လယ်ကိုးသွယ်ကုမ္ပဏီမှ ဧပြီ ၃၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ဘုရားကုန်း၊ ဘယက်၊ အလွမ်းဆွတ်၊ စစ်ပင်ကျေးရွာများရှိ တောင်သူများထံမှ စပါးတင်းပေါင်း ၅၀၀၀ ကျော်ကို ဝယ်ယူခဲ့ပြီး ကျန်မြို့နယ်အသီးသီးတွင် ဆက်လက်ဝယ်ယူလျက်ရှိကြောင်း သိရှိရသည်။

(တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး)

သိပ္ပံနှင့်နည်းပညာ သိပ္ပံနှင့်နည်းပညာ သိပ္ပံနှင့်နည်းပညာ

မြေပြင်အာကာသယာဉ်စခန်း ဂါနာ တည်ဆောက်နေ မကြာမီ ဂြိုဟ်တုများလွှတ်တင်မည်

အက်ရာ မေ ၆

ဂါနာနိုင်ငံ၏ မြေပြင်အာကာသစခန်းအဖြစ် အသုံးပြုရန်အတွက် ဗြိတိန်နိုင်ငံမှ ဗိုဒါဖုန်းကုမ္ပဏီက ဂြိုဟ်တုစခန်းတစ်ခုကို လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း မေ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တည်ဆောက်ထား

ဂါနာနိုင်ငံသည် အာကာသသိပ္ပံနည်းပညာများလေ့လာရန်နှင့် ဂြိုဟ်တုများလွှတ်တင်နိုင်ရန်အတွက် ဂါနာသုတေသနသိပ္ပံပညာရှင်များက စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ဂါနာနိုင်ငံ၏မြေပြင်အာကာသယာဉ်စခန်းကို မြို့တော်အက်ရာ၏အနောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ ကန်တန်စီမြို့တွင် တည်ဆောက်ထားသည်။ **(ဝဲပုံ)**

ဂါနာနိုင်ငံ၏ မြေပြင်ဂြိုဟ်တုစခန်းတွင် အာကာသယာဉ်မှူးများအတွက် လေ့ကျင့်ရန်နေရာများ၊ အာကာသသုတေသနပြုနိုင်ရန်အတွက် အာကာသအဝေးကြည့်မှန်ပြောင်းကြီးတစ်ခုကိုလည်း တပ်ဆင်မည်ဖြစ်သည်။

ဂါနာနိုင်ငံသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းတို့အပြင် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ ရယူရန်အတွက် ဂြိုဟ်တုလွှတ်တင်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ဂါနာနိုင်ငံသည် အာကာသတွင် နိုင်ငံတကာမှလွှတ်တင်ထားသော ဂြိုဟ်တုကွန်ရက်များနှင့် ချိတ်ဆက်နိုင်ရန် ကြိုးစားသွားမည်ဖြစ်သည်။ **(အင်တာနက်)**



အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် မှန်ရောင်တောက်ပနေသော သဲမှုန်များတွေ့ရှိ

နာဆာ မေ ၆

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် မှန်ရောင်တလက်လက်ထနေသော သဲမှုန်များကိုတွေ့ရှိကြောင်း အင်္ဂါဂြိုဟ်မျက်နှာပြင်ကို လေ့လာနေသော စပရစ်အာကာသယာဉ်မှပေးပို့သည့် ဓာတ်ပုံများအရ သိရှိရကြောင်း နာဆာမှ သိပ္ပံပညာရှင်များက ပြောကြားသည်။ **(ယာပုံ)**

၎င်းမှန်သဲမှုန်များသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် စတုရန်းမိုင်ပေါင်းများစွာ၌ တွေ့ရှိရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် အင်္ဂါဂြိုဟ်မျက်နှာပြင်၏မြောက်ဘက် မြေနိမ့်ပိုင်းတွင်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကျရောက်ပေါက်ကွဲ

အဆိုပါမှန်ရောင်သဲမှုန်များသည် နှစ်သန်းပေါင်းများစွာက အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ကြီးမားသော မီးလောင်ပေါက်ကွဲမှု သို့မဟုတ် မျက်နှာပြင်တွင် အခြားဂြိုဟ်အပိုင်းအစတစ်ခုခု ကျရောက်ပေါက်ကွဲခဲ့သည့် အနေအထားရှိခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

သို့သော် မှန်ရောင်တလက်လက်ထနေသော အင်္ဂါဂြိုဟ်မျက်နှာပြင်အနေအထားနှင့် ပတ်သက်ပြီး ပိုမိုတိကျသော အချက်အလက်များရရှိရန် ထပ်မံသုတေသနပြုရမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အာကာသဟင်း-စုစည်းသည်



ဓာတ်ပုံနှင့်ပရင်တာနှစ်မျိုး အသုံးပြုနိုင်သည့် ကင်မရာသစ်

ဝါရှင်တန် မေ ၆

အမေရိကန်နိုင်ငံ အမေဇုန်ကုမ္ပဏီမှ ဓာတ်ပုံနှင့်ပရင်တာနှစ်မျိုးစလုံးအသုံးပြုနိုင်သော ကင်မရာသစ်တစ်လုံးကို တီထွင်ထုတ်လုပ်လိုက်ကြောင်း မေ ၃ ရက်၌ သတင်းထုတ်ပြန်သည်။

ဓာတ်ပုံပေါင်း ၆၀ ကို လျှပ်တစ်ပြက်အတွင်း ဆက်တိုက်ရိုက်ကူးနိုင်ပြီး ၎င်းဓာတ်ပုံများကို ချက်ချင်း ဓာတ်ပုံအဖြစ် ထုတ်ပေးနိုင်သည့် ကင်မရာဖြစ်သည်။ တစ်ဖန် ယင်းကင်မရာဖြင့် အနံ ခြောက်လက်မ၊ အလျား ရှစ်လက်မ အရွယ်အစားရှိစက္ကူများကို မိတ္တူကူးပြီး စာရွက် ၄၀၀ အထိ ထုတ်ပေးနိုင်သည့် ပရင်တာအဖြစ်လည်း အသုံးပြုနိုင်သည်။

အဆိုပါကင်မရာသည် အလျားရှစ်လက်မ၊ အနံခြောက်လက်မခန့်ရှိသော အရွယ်အစားဖြစ်ပြီး အလွန်ပေါ့ပါးသဖြင့် သယ်ယူရလွယ်ကူသည်။ ဓာတ်ပုံများကိုလည်း အရည်အသွေးမြင့်မားစွာ ရိုက်ကူးပေးနိုင်သည့်အပြင် စာရွက်များကို မိတ္တူအဖြစ် ထုတ်ယူရာတွင်လည်း ရှင်းလင်းပြတ်သားစွာ ကူးယူပေးနိုင်သည်။ **(အပေါ်ပုံ)**

အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုနိုင်သည့် ကင်မရာအမျိုးအစားဖြစ်ပြီး ဖက်ရှင်ပြပွဲများတွင်လည်း လှုပ်ရှားမှုဆိုင်ရာ အကောင်းဆုံးပုံရိပ်များကို ရိုက်ကူးပေးနိုင်သည့် ကင်မရာအမျိုးအစားဖြစ်သည်။ **(အင်တာနက်)**

ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ

သွားတိုက်ခြင်း နည်းပါးသူများ နှလုံးရောဂါဖြစ်စေနိုင်ဟုဆို

နယူးယောက် မေ ၆

သွားတိုက်မှုနည်းသူများသည် သွားတိုက်မှုများသူများထက် နှလုံးရောဂါနှင့် လေဖြတ်ခြင်းကို ပို၍ဖြစ်စေနိုင်ကြောင်း လေ့လာမှုစစ်တမ်းတစ်ရပ်က အကြံပြုတင်ပြထားသည်။

တရုတ် (တိုင်ပေ)ရှိ အသက် ၅၀ နှင့်အထက် လူပေါင်း ၂၂၀၀၀ တို့အား သွားတိုက်ခြင်း **(အပေါ်ပုံ)**နှင့် နှလုံးရောဂါဖြစ်ပွားမှု ဆက်စပ်ခြင်း ရှိမရှိဆိုသည့်ကိစ္စကို သုတေသနပြုလေ့လာခဲ့သည်။ ပြီးခဲ့သည့်နှစ်အတွင်း တရုတ်(တိုင်ပေ)အများစုမှာ သွားတိုက်မှုအားနည်းခဲ့သည်ဟု ဆို၏။ ယင်းကဲ့သို့ သွားတိုက်မှုနည်းပါးခြင်းကြောင့် နောက်ခုနစ်နှစ်အတွင်း နှလုံးရောဂါ သို့မဟုတ် လေဖြတ်ခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိထားသည်။

တွေ့ရှိထား

သွားတိုက်ခြင်းမရှိ၍ စားကြွင်းစားကျန်များကြောင့် ဗက်တီးရီးယားများ ပိုမိုပေါက်ပွားကာ နှလုံးရောဂါနှင့် လေဖြတ်ခြင်းကို ဖြစ်စေနိုင်ကြောင်း ပညာရှင်တို့က တွေ့ရှိထားသည်။သွားတိုက်မှုနည်း၍ Gum Disease (ဂန်းရောဂါ)လည်း ဖြစ်စေနိုင်သည်။ ယင်းရောဂါသည် လေဖြတ်ခြင်း၊ နှလုံးရောဂါဖြစ်ပွားခြင်းနှင့် ဆက်စပ်နေသည်ဟု တရုတ်(တိုင်ပေ) အထွေထွေဆေးရုံမှ ဒေါက်တာ ဇူရင်ချန်းကပြောကြားသည်။

ဗက်တီးရီးယားများကြောင့် အဆိုပါရောဂါကိုဖြစ်ပွားစေနိုင်သည်။ ၎င်း ရောဂါသည် သွေးကြောများရောင်ရမ်းမှုဖြစ်ကာ နှလုံးရောဂါ သို့မဟုတ် လေဖြတ်ခြင်းကို ဖြစ်စေနိုင်သည်ဟု ဆိုထားသည်။ **(အင်တာနက်)**

နှစ်စဉ် ကလေး ၁၅ သန်းခန့် လမစေ့မီ မွေးဖွားနေ

ဝါရှင်တန် မေ ၆

ကမ္ဘာပေါ်တွင် နှစ်စဉ် လမစေ့မီမွေးဖွားသော ကလေးအရေအတွက်မှာ ၁၅ သန်းခန့်ရှိရာ ပညာရှင်များက ခန့်မှန်းတွက်ချက်ထားသည်ထက် ပြဿနာမှာ ပို၍ကြီးမားသောကြောင့် မေ ၂ ရက်က သတင်း၌ဖော်ပြသည်။ **(ယာပုံ)**

အဆိုပါလမစေ့မီမွေးဖွားသောကလေးဦးရေမှာ ကမ္ဘာ့ကလေးမွေးဖွားမှုနှုန်း၏ ၁၀ ပုံတစ်ပုံမျှရှိသည်။ ထိုသို့လမစေ့မီမွေးဖွားသောကလေးများမှာ အလွန်နုနယ်သဖြင့် နှစ်စဉ် ၁ ဒသမ ၁ သန်းခန့် မီးတွင်း၌ပင် သေဆုံးရသည်ဟုဆိုသည်။

များပြား

လမစေ့မီမွေးဖွားသော ကမ္ဘာ့အများဆုံးဒေသများမှာ အာဖရိကနှင့်အာရှတို့ဖြစ်ကြောင်း မေ ၂ ရက်က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။ အမေရိကန်နိုင်ငံ၌ နှစ်စဉ် ထိုသို့လမစေ့မီမွေးဖွားသောကလေး သန်းဝက်ခန့် ရှိသည်ဟုဆိုသည်။ ကလေးရှစ်ဦးမွေးလျှင် တစ်ဦးမှာ လမစေ့သောမွေးဖွားခြင်းဖြစ်သည်။ အမေရိကန်၌ ထိုသို့မွေးဖွားခြင်းမှာ ဥရောပ၊ ကနေဒါနှင့် ဂျပန်နိုင်ငံတို့ထက် များပြားသည်။ လမစေ့မီကလေးများမွေးဖွားခြင်းသည် နိုင်ငံအလိုက် ကြီးမားသော ကျန်းမာရေးဝန်ထုပ်ဝန်ပိုးဖြစ်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အာကာကျော် – စုစည်းသည်

အဝလွန်ကဲသူများ နှလုံးရောဂါဖြစ်နိုင်

လန်ဒန် မေ ၆

အဝလွန်မှုနှင့် နှလုံးရောဂါဖြစ်ပွားမှုတို့သည် ဆက်စပ်မှုရှိကြောင်း ဗြိတိသျှနှင့် ဒိန်းမတ်သုတေသနပညာရှင်များက ပြောကြားသည်ကို မေ ၂ ရက်က သတင်းတွင်ဖော်ပြသည်။

ခန္ဓာကိုယ်ဒြပ်ထုအညွှန်း(ဘီအမ်အိုင်)သည် အရပ်နှင့် ကိုယ်အလေးချိန်ကို အခြေခံသည့်အတိုင်းအတာတစ်ခုဖြစ်သည်။ ဘီအမ်အိုင် ၁၈ ဒသမ ၅ မှ ၂၄ ဒသမ ၉ ရှိသူများသည် သာမန်ကိုယ်အလေးချိန်ရှိသူအဖြစ် သတ်မှတ်သည်။ ဘီအမ်အိုင် ၃၀ နှင့်အထက်ရှိသူများအား အဝလွန်သူများအဖြစ် သတ်မှတ်ကြသည်။

လေ့လာတွေ့ရှိ

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ပြည်သူ ၇၅၀၀၀အား စစ်တမ်းကောက်ယူစစ်ဆေးကြည့်ရာ ဘီအမ်အိုင်မြင့်မားသူများဖြစ်နေကြောင်း၊ ယင်းတို့ အနက် ၂၆ ရာခိုင်နှုန်းမှာ နှလုံးရောဂါဖြစ်ပွားရန် စွန့်စားမှုအမြင့်ဆုံး ဖြစ်နေသည်ကိုတွေ့ရကြောင်း သုတေသီများက လေ့လာတွေ့ရှိထားသည်။

ဘီအမ်အိုင် အမှတ်လေးမှတ်တိုးတိုင်း နှလုံးရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာသည်ကိုတွေ့ရကြောင်း ကိုပင်ဟေဂင်ဆေးတက္ကသိုလ်မှ ရူပဗေဒပညာရှင် ဘော့နော်ဒီဂတ်ကပြောကြားသည်။ လူနေမှုစနစ်နှင့် စားသောက်နေထိုင်မှု ပုံစံပြောင်းလဲလာခြင်းကြောင့် အဝလွန်ပြီး နှလုံးရောဂါဖြစ်ပွားသူများ တိုးလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်



တောင်ကိုရီးယားရုပ်ရှင်မင်းသား ကင်ဟွန်ဂျွန်း စင်ကာပူသို့ရောက်ရှိပြီး ပရိသတ်နှင့်တွေ့ဆုံ

ဆိုးလ် မေ ၆

တောင်ကိုရီးယားရုပ်ရှင်မင်းသားနှင့် အဆိုတော် ကင်ဟွန်ဂျွန်း **(ယာပုံ)**သည် စင်ကာပူနိုင်ငံသို့ ၂၀၁၂ ခုနှစ် အာရှပရိသတ်များနှင့် တွေ့ဆုံပွဲအဖြစ် မေ ၄ ရက်တွင် ရောက်ရှိလာခဲ့သည်။

ရုပ်ရှင်မင်းသား ကင်ဟွန်ဂျွန်းသည် စင်ကာပူနိုင်ငံသို့ ပထမဆုံးခရီးစဉ်အဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ စင်ကာပူရှိ အားကစားရုံခန်းမတွင် ပရိသတ်အား ဖျော်ဖြေမည်ဖြစ်သည်။

ကင်ဟွန်ဂျွန်းသည် စင်ကာပူပြီးလျှင် တရုတ်၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ ထိုင်းသို့လည်း သွားရောက်ကာ ပရိသတ်များနှင့်တွေ့ဆုံမည်ဖြစ်သည်။ ရုပ်ရှင်မင်းသား ကင်ဟွန်ဂျွန်းပါဝင်သည့် Boys Over Flowers ရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြင့် အာရှပရိသတ်များ၏ အားပေးခြင်းခံခဲ့ရသူဖြစ်သည်။

ကင်ဟွန်ဂျွန်း၏ ၂၀၁၁ ခုနှစ်က ဖြန့်ချိခဲ့သော Break Down တေးအယ်လ်ဘမ်မှာလည်း အာရှပရိသတ်များ လူကြိုက်များခဲ့သည်။ အသက် ၂၆ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသားနှင့် အဆိုတော် ကင်ဟွန်ဂျွန်းသည် Conquest For City/City Conquest ဇာတ်ကားသစ်ကိုလည်း ရိုက်ကူးလျက်ရှိရာ မကြာမီထုတ်လွှင့်ပြသမည်ဖြစ်သည်။ ထို့အပြင် If You're Like Me အမည်ရှိ ဒရာမာရုပ်မြင်သံကြားဇာတ်လမ်းတွဲကိုလည်း တောင်ကိုရီးယားနိုင်ငံတစ်ဝန်း၌ ထုတ်လွှင့်ပြသလျက်ရှိနေသည်။ **(အင်တာနက်)**

စတားလုံး၏ The Tomb ဇာတ်ကားသစ် လာမည့်နှစ်၌ပြသမည်

လော့စ်အိန်ဂျလိစ် မေ ၆

ရုပ်ရှင်မင်းသားကြီး စတားလုံး **(အပေါ်ပုံ)**၏ The Tomb အမည်ရှိ ဇာတ်ကားသစ်ကို လာမည့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ပြသနိုင်ရန်စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သတင်းထောက်များနှင့် တွေ့ဆုံစဉ် စတားလုံးက မေ ၄ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ယင်းဇာတ်ကားတွင် ရုပ်ရှင်မင်းသားကြီးစတားလုံးမှာ အက်ရှင်ခန်းများပါဝင်သော်လည်း တည်ငြိမ်ပြီးလှုပ်ရှားမှုနည်းသော သရုပ်ဆောင်မှုအပိုင်းများ၌သာ ပါဝင်နိုင်လျက်ရှိသည်။တိုက်ခိုက်မှုနည်းပြီး စွန့်စားရှာဖွေမှုဇာတ်လမ်းအမျိုးအစားဖြစ်သည်။

အသက် ၆၅ နှစ်အရွယ်ရှိပြီဖြစ်သော ရုပ်ရှင်မင်းသားကြီးစတားလုံးသည် ၂၀၁၂ ခုနှစ် မတ်လကပြသခဲ့သော Bullet to the Head ဇာတ်ကားတွင် ပရိသတ်များ၏အားပေးမှုကိုရရှိခဲ့သည်။ ဆက်လက်ပြီး The Expendables ဇာတ်ကားကိုလည်း ပြီးခဲ့သည့်ဧပြီလကပြသခဲ့ရာ ဝင်ငွေအများအပြားရရှိခဲ့သည်။ **(အင်တာနက်)**

ဇာတ်ကားသစ်ရိုက်ကူးမည့် ရုပ်ရှင်မင်းသမီး မီလေဆိုင်ရပ်စ်



လော့စ်အိန်ဂျလိစ် မေ ၆

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အဆိုတော်မီလေဆိုင်ရပ်စ် **(ဝဲပုံ)**က So Undercover အမည်ရှိတဲ့ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ကောင်းတာမို့ ဒီဇာတ်ကားရုံတင်ပြသတဲ့ ပထမသီတင်းပတ်မှာ ဝင်ငွေအမေရိကန်ဒေါ်လာ ရှစ်သန်းရရှိခဲ့တယ်လို့ဆိုပါတယ်။

အဲဒီဇာတ်ကားမှာ ရုပ်ရှင်မင်းသမီးမီလေဆိုင်ရပ်စ်ရဲ့ သရုပ်ဆောင်မှုတွေဟာ ဆွဲဆောင်မှုရှိပြီး ဇာတ်ဝင်ခန်းတိုင်းမှာ မီလေဆိုင်ရပ်စ်ရဲ့ လှပမှုတွေကို အသားပေးဖော်ပြထားတယ်လို့ ဆိုပါတယ်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ မီလေဆိုင်ရပ်စ်ဟာ ဟောလိဝုဒ်မှာတော့ သရုပ်ဆောင်မှုအပြင် တေးဂီတဘက်မှာအောင်မြင်ကျော်ကြားတဲ့အနုပညာရှင်တစ်ဦး ဖြစ်ပါတယ်။

ပြင်သစ်ရုပ်ရှင်က ရိုက်ကူးခဲ့တဲ့ Loi အမည်ရှိတဲ့ ရုပ်ရှင်ဇာတ်ကားကိုလည်း ၂၀၁၂ ခုနှစ်ဆန်းပိုင်းက ပြသခဲ့တဲ့အခါမှာလည်း ပရိသတ်အားပေးမှုရရှိခဲ့တာမို့ ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီဖြစ်တဲ့ ယူနီဗာဆယ်နဲ့ ၂၀၁၂ ခုနှစ် ဇွန်လမှာ ဇာတ်ကားသစ်ရိုက်ကူးဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ဒါ့အပြင် ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းမှာ မီလေဆိုင်ရပ်စ်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ Never Say Neverဆိုတဲ့ ဇာတ်ကားဟာလည်း နောက်ထပ်ဇာတ်လမ်းတွဲအဖြစ် Never Say Never II အမည်နဲ့ဇာတ်ကားသစ် ရိုက်ကူးဦးမှာဖြစ်ပါတယ်။ မီလေဆိုင်ရပ်စ်ဟာ တေးဂီတဘက်မှာလည်း ထူးချွန်တဲ့သူဖြစ်တာမို့ ရုပ်ရှင်နောက်ခံတေးသီချင်းတွေလည်း သီဆိုနိုင်တာကြောင့် ရုပ်ရှင်မင်းသမီး မီလေဆိုင်ရပ်စ်ကို ရုပ်ရှင်ရိုက်ကူးလိုတဲ့ ကုမ္ပဏီတွေက ဝိုင်းဝိုင်းလည်နေကြပါတယ်။ မီလေဆိုင်ရပ်စ်ဟာ လာမယ့်ဇွန်လမှာ The Love Story အမည်ရှိတဲ့ဇာတ်ကားသစ်လည်း ရိုက်ကူးမှာဖြစ်ပါကြောင်း။ **(အင်တာနက်)**

အဆိုတော်ဂျက်ဝှိုက်ရဲ့ အယ်လ်ဘမ် အဒေလီရဲ့ အယ်လ်ဘမ်ထက် ရောင်းအားကောင်းလာ

လန်ဒန် မေ ၆

ဗြိတိသျှဂီတလောကမှာ တစ်ချိန်လုံးလူကြိုက်များ ရောင်းအားကောင်းခဲ့တဲ့ အဆိုတော်အဒေလီရဲ့ 21လို့အမည်ရတဲ့တေးအယ်လ်ဘမ်ကိုကျော်တက်နိုင်တဲ့ တေးအယ်လ်ဘမ်



အဆိုတော် ဂျက်ဝှိုက်

ထွက်ပေါ်လာခဲ့ပါပြီ။ ဒီတေးအယ်လ်ဘမ်ရဲ့ အမည်ကတော့ Blunderbussလို့ အမည်ရပါတယ်။ White Stripes ဂီတအဖွဲ့ရဲ့ ရှေ့ထွက်အဆိုတော်ဂျက်ဝှိုက်ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်ပါတယ်။

သတ်မှတ်

ဗြိတိသျှတေးရေးတေးဆို အဆိုတော်အဒေလီရဲ့ တေးအယ်လ်ဘမ်ဟာ ဗြိတိန်နိုင်ငံမှာတစ်နှစ်ကျော်ကြာ နံပါတ်တစ်ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့ အမေရိကန်တိုင်းမ်မဂ္ဂဇင်းက သူမကို ၂၀၁၁ ခုနှစ်ရဲ့ စိတ်ဝင်စားဆုံး လူ ၁၀၀ထဲမှာ တစ်ဦးအဖြစ် သတ်မှတ်ဖော်ပြခံရပါတယ်။

ယခုသီတင်းပတ်ရောက်မှသာ အဆိုတော် ဂျက်ဝှိုက်ရဲ့ Blunderbuss က နံပါတ်တစ်နေရာကို လွှဲပြောင်းရယူခဲ့တာဖြစ်ပါတယ်။ သူဟာ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလက White Stripesဂီတအဖွဲ့မှခွဲထွက်ပြီး တစ်ကိုယ်တော်တေးအယ်လ်ဘမ်ထွက်ခဲ့တာဖြစ်ပါတယ်။ အဆိုတော်လာနားဒယ်ရေးနဲ့ နစ်ကီးမီးနားတို့ရဲ့ တေးအယ်လ်ဘမ်တွေကတော့ တတိယနဲ့ စတုတ္ထရောင်းအား အကောင်းဆုံးတေးအယ်လ်ဘမ်တွေဖြစ်ပါတယ်။ အဆိုတော် ရှူဖတ်ဝိန်းရိုက်ရဲ့ Out of the Game လို့အမည်ရတဲ့ တေးအယ်လ်ဘမ်ကတော့ ပဉ္စမနေရာချိတ်ခဲ့ပါတယ်။

အကောင်းဆုံး

ကနေဒါ Idol talent Show ပြိုင်ပွဲဝင်အဆိုတော် ကာလီရေးဂျက်စပင်ရဲ့ Call Me Maybe တေးအယ်လ်ဘမ်ဟာလည်း လူကြိုက်များတဲ့ တေးအယ်လ်ဘမ်ဖြစ်ပါတယ်။ ယခုအထိ အယ်လ်ဘမ်အချပ်ပေါင်း ၄၃၄၀၀၀ အထိ ရောင်းချပြီးပါပြီ။ ၂၀၁၂ခုနှစ်မှာ ရောင်းအားအကောင်းဆုံး အယ်လ်ဘမ်တစ်ချပ်ဖြစ်ပါတယ်။ အဆိုတော် ရီဟာန်နားရဲ့ We Found Loveလို့အမည်ရတဲ့တေးအယ်လ်ဘမ်ကိုထုတ်လုပ်ပေးခဲ့တဲ့ တေးရေးတေးဆို စကော့တလန်အဆိုတော်ကယ်ဗင်ဟာရစ်ရဲ့ Let's Go လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာလည်း ယခုတစ်ပတ်ထဲမှာ လူကြိုက်အများဆုံးတေးအယ်ဘမ်တစ်ချပ်ဖြစ်ပါတယ်။ **(အင်တာနက်)**

အဆိုတော် ကာရီအန်ဒါဝုဒ် Blown Away အယ်လ်ဘမ်ထွက်ပြီ



နယူးယောက် မေ ၆

အမေရိကန်စူပါစတားအဆိုတော် ကာရီအန်ဒါဝုဒ်တစ်ယောက် သူမရဲ့ အယ်လ်ဘမ်သစ်ဖြစ်တဲ့ Blown Away ကို အရောင်းမြှင့်တင်ဖို့ အမေရိကန်တစ်ခွင် လှည့်လည်ဖျော်ဖြေမယ်လို့ သူမက မေ ၃ ရက်မှာ ကြေညာလိုက်ပါတယ်။

အဆိုတော် ကာရီအန်ဒါဝုဒ်ရဲ့ ဒီတေးအယ်လ်ဘမ်ဟာ စတုတ္ထမြောက် အယ်လ်ဘမ်ဖြစ်ပါတယ်။ယခုဆိုင်တွေပေါ်မှာစတင်ရောင်းချနေပါပြီ။ သူမဟာ မြောက်အမေရိကကို လှည့်လည်ဖျော်ဖြေမှာ ဖြစ်ပါတယ်။ ဒီလှည့်လည်ဖျော်ဖြေပွဲမှာ စပွန်ဆာယူထားတဲ့ အိုလေးဆိုသူလည်း လိုက်ပါမယ်လို့ ဆိုပါတယ်။ **(ယာပုံ)**

ကြေညာ

ပထမဆုံးကပြအသုံးတော်ခံမယ့် နေရာကတော့ လန်ဒန်မြို့ တော်ဝင်အယ်လ်ဘတ်ခန်းမကြီးမှာ သီဆိုမှာဖြစ်ပါတယ်။ ဇွန် ၂၁ ရက်မှာ သီဆိုမယ်လို့ သိရပါတယ်၊ အခြားသော နိုင်ငံတကာလှည့်လည် ဖျော်ဖြေရေးရက်ကိုလည်း မကြာမီကြေညာသွားမယ်လို့ ဆိုပါတယ်။

The Blown Away Tour လို့ အမည်ပေးထားတဲ့ ဒီမြောက်အမေရိက လှည့်လည်ဖျော်ဖြေပွဲအတွက် လက်မှတ်တွေကို မေ ၁၁ ရက်ကစပြီး ရောင်းမယ်လို့ သိရပါတယ်။

"ကျွန်မ ပရိသတ်တွေအတွက် အယ်လ်ဘမ်သစ်ကို သီဆိုပြချင်လှပါပြီ။ စောင့်နေရတာ သိပ်ပင်ပန်းလှပါတယ်" လို့ အဆိုတော်အန်ဒါဝုဒ်က ပြောပါတယ်။ ဒီဖျော်ဖြေပွဲတွေမှာ ရောင်းမယ့်လက်မှတ်တစ်စောင်စီက ရမယ့်အပိုဒေါ်လာ တစ်ဒေါ်လာစီကိုစုပေါင်းပြီး သူမက နိုင်ငံတကာကြက်ခြေနီအဖွဲ့ကို လှူဒါန်းသွားဦးမယ်တဲ့။ မြောက်အမေရိက ကပွဲကရတဲ့ ဒီစုစုပေါင်းငွေတွေကို မြောက်အမေရိက ကြက်ခြေနီအဖွဲ့ကို လှူပြီး ကနေဒါဖျော်ဖြေပွဲမှာရတဲ့ငွေကို ကနေဒါကြက်ခြေနီကို လှူမယ်လို့ သိရပါတယ်။ **(အင်တာနက်)**

ကောင်းမြတ်သူ စုစည်းသည်

အဆိုတော် ကီဗင်ဂျိုးနတ်စ် တေးစီးရီးအသစ်ထွက်မည်

လော့စ်အိန်ဂျလိစ် မေ ၆

ကီဗင်ဂျိုးနတ်စ်ဟာ ဂရမ်မီဆုပဏ္ဏာမရွေးချယ်ခံရတဲ့ Jonas Brothers ဂီတအဖွဲ့ရဲ့ နာမည်ကြီး အမေရိကန်ပေါ့ပ်အဆိုတော်ကြီးတစ်ဦးဖြစ်ပါတယ်။ ယခုသူနဲ့ သူ့ဇနီးဖြစ်တဲ့ ဒန်နယ်လီတို့ဟာ Married to Jonas လို့အမည်ရတဲ့ E! reality Series အဖြစ်ထွက်ဖို့ စီစဉ်လျက်ရှိကြပါတယ်။

ကျင်းပ

ဒီတေးစီးရီးကိုတော့ လာမယ့်ဩဂုတ်လမှာ ပွဲဦးထွက်ပရိသတ်နဲ့ မိတ်ဆက်မှာ ဖြစ်ပါတယ်။ ဒီတေးစီးရီးမိတ်ဆက်ပွဲကိုတော့ NBC ဂီတကြယ်တစ်ပွင့်ဖြစ်တဲ့ ဝစ်နေးကွန်းမင်းက လက်ခံကျင်းပသွားမယ်လို့ သိရပါတယ်။

Married to Jonas လို့အမည်ရတဲ့ တေးစီးရီးကိုတော့ မိတ်ဆက်ပွဲအဖြစ် လာမယ့်ဩဂုတ် ၁၉ ရက်မှာ တေးစီးရီးထုတ်လုပ်သူ ရိုင်ယန်စီးခရက်နဲ့အတူ ပြုလုပ်သွားမယ်လို့ သိရပါတယ်။ ဒီတေးစီးရီးမိတ်ဆက်ပွဲမှာ ပေါ့ပ်အဆိုတော် ကီဗင်ဂျိုးနတ်စ်နဲ့ သူ့ဇနီးတို့ **(အပေါ်ပုံ)**လည်း ပရိသတ်တွေနဲ့အတူ တွေ့ဆုံဖို့ စီစဉ်ထားပါတယ်။ **(အင်တာနက်)**

7-5 (12).pmd 1 5/7/2012, 2:02 AM

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းကုန်းကျေးရွာနေ
ဦးထွန်းရ-(ဒေါ်စောသန်း)တို့၏သားငယ်

ဗိုလ်မှူးဇော်လှိုင်ထွန်း

B.C.Sc(DSA), ME.Tech:(MAI)Russia

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ
ဦးတင်အောင်(ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်)-
ဒေါ်သိန်းသိန်းကြည် (အမှုဆောင်အရာရှိ၊ ငြိမ်း၊ မြန်မာ့ရေနံ) တို့၏သမီးငယ်

မစုစန္ဒီအောင်

B.C.Sc (Hons:) UCSY, IADCS(NCC UK), IDB(NCC UK)
UNICEF Myanmar

တို့၏ ၅-၅-၂၀၁၂ရက်(စနေနေ့)တွင် Inya Lake Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေးတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့်ဇနီး ဒေါ်သင်းသင်းမြတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့်ဇနီး၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၃-၅-၂၀၁၂ရက် (ကြာသပတေးနေ့)တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီး ဒေါ်နန်းနှင်းဆီတို့အားလည်းကောင်း၊ ၃-၅-၂၀၁၂ရက် (ကြာသပတေးနေ့)တွင် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေး အခမ်းအနားသို့ တက်ရောက်လာကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးပါသော မဆုယမင်းထိုက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ပေးပါသော မမြတ်မို့ရည်၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်မှူးရဲထွဋ်မောင်နှင့် ဗိုလ်ကြီးဟန်ထွန်းဇော်၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော မနှင်းယုယုကြူနှင့် မအိကေခိုင်သန်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့် တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတစ်ခုလုံး အစစအရာရာ အဆင်ပြေစေရန် စီစဉ်ပေးပါသော Inya Lake Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာဖိတ်စာ Shwe J ပုံနှိပ်တိုက်၊ မင်္ဂလာဝတ်စုံ မမွေးမြသင်းနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင် စိုးစိုးနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် Forever နှင့် KK ဓာတ်ပုံတိုက်၊ ပန်းအလှပြင်ဆင်ပေးပါသော မစန်းစန်းဦးနှင့်အဖွဲ့၊ မင်္ဂလာပွဲ အောင်မြင်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးဇော်လှိုင်ထွန်း-မစုစန္ဒီအောင်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၅၃လမ်း၊
၄၀x၄၁ လမ်းကြား၊ အမှတ် (မ-၄၄၊ ၄၇၊ ၄၈)နေ
ဦးခင်မောင်ချို(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေး)-ဒေါ်ဆွေဆွေ
တို့၏တစ်ဦးတည်းသောသား

မောင်ဝေဖြိုးကျော်

AGTI (EC), B.Sc(Physics)

နှင့်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၆၆လမ်း၊
၃၉x၄၀ လမ်းကြား၊ အမှတ် (၁-၉/၁၂၆)နေ
ဦးခင်မောင်ရီ (ဒုတိယညွှန်ကြားရေးမှူး၊ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး)-
ဒေါက်တာရီရီမေ(ပါမောက္ခ၊ ရူပဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)
တို့၏သမီးကြီး

မမေသဲစု **BE (Chemical)**

ဆောင်းဦး Stationary and Fancy

တို့၏ ၂၈-၄-၂၀၁၂ရက် (စနေနေ့)တွင် ပခုက္ကူမြို့၊ ပြည်သာယာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ဇနီး ဒေါ်စမ်းစမ်းမြင့်၊ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမောင်မောင်ဖြူတင့်နှင့် ဇနီး၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးအံ့ဇော်နှင့် ဇနီး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီး ဦးသိန်းထွန်းနှင့် ဇနီး၊ ဝန်ကြီး ဦးမြင့်နိုင်နှင့် ဇနီး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေဝင်းနှင့် ဇနီး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးစောဟန်၊ မင်္ဂလာပန်းကြဲပေးပါသော မဆုနန္ဒာကျော်၊ မင်္ဂလာပန်းကုံးဗန်းကိုင် မဇွန်မေလွင်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင် မဆုဝေကျော်၊ မင်္ဂလာသတို့သားအရံ မောင်ဇော်လင်းအောင်နှင့် မင်္ဂလာသတို့သမီးအရံ မဟန်သီထွန်းတို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင် အလှပြင်ဆင်ပေးပါသော ဦးသန့်ဇင်နှင့်အဖွဲ့၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော မိုနာလီဇာအဖွဲ့တို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝေဖြိုးကျော်-မမေသဲစု

အမည်ပြောင်း

ဗိုလ်ကြီးမြင့်ကျော်(ငြိမ်း)၏သမီး နေပြည်တော် အထက-၅၊ ဆဋ္ဌမတန်း(က)မှ မဖူးငုံမြင့်ကျော်အား မလင်းသီရိမြင့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မလင်းသီရိမြင့်ကျော်**

မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ ကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ ၅-၅-၂၀၁၂ရက် Chartruim Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ မင်္ဂလာလက်မှတ်ရေးထိုးပေးသော ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြို့နယ်တရားသူကြီး (စည်ပင်သာယာ) ဒေါ်ခင်ကြည်ကြည်ဇော်၊ မင်္ဂလာစကားနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး(ငြိမ်း) သရေစည်သူဦးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးသော ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် ဇနီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာဘရူဝါရီလီမိတက်၊ Commericial Director ဦးမြင့်ဇော်နှင့်ဇနီး ဒေါ်နှင်းမိုးလှိုင် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေသူအောင်၊ မိတ်ကပ် ညီညီမောင်(စမ်းချောင်း)၊ မှတ်တမ်းတင်ဗီဒီယို ရိုက်ကူးပေးသော ကိုအောင်မျိုးနှင့်အဖွဲ့၊ ကျွေးမွေးဧည့်ခံပေးသော Chartruim Hotel ဝန်ထမ်းများနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်မင်းနောင်လတ်-မမေသန္တာမောင်

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဓမ္မစေတီလမ်း၊ တိုက်အမှတ်(၁၀၉)နေ
(ဦးနေဝင်း)-ဒေါ်ခင်သီတာသိန်းတို့၏သားထွေး

မောင်ရဲမင်းသူဝင်း

Corporate Affaires (Manager)
Blue Bird Trading Co.,Ltd.

နှင့်

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ မဟာသုခလမ်း၊ တိုက်အမှတ်(၂၂၆)နေ
ဒုတိယပါမောက္ခချုပ် ဦးဘုန်းမြင့်(ငြိမ်း၊ တောင်ကြီးတက္ကသိုလ်)-ဒေါ်ခင်နွဲ့ရီ
တို့၏ တစ်ဦးတည်းသောသမီး

မသီဂီဘုန်းမြင့်

Ph.D (Architecture)
Architect, Dagon International Co.,Ltd.

တို့သည် နှစ်ဖက်သော မိဘဆွေမျိုးတို့၏ရှေ့မှောက်တွင် ၂၈-၄-၂၀၁၂ရက်၌ ဓေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲမင်းသူဝင်း-မသီဂီဘုန်းမြင့်



CHERY Q Q-3
ရောင်စုံကား
ရောင်းရန်ရှိပါသည်
ဖုန်း-၀၉-၇၃၃၁၇၇၇၇
၀၉-၄၉၀၀၇၇၇၇

စာအုပ်စာပေ
လူ့မိတ်ဆွေ

ဖျူးမြို့၌ မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက် မိုးကြိုးပစ်၍လူတစ်ဦးသေဆုံး

ဖျူး မေ ၆

ဖျူးမြို့၌ မေ ၄ ရက် ညနေ ၄ နာရီက မိုးဖွဲဖွဲရွာခဲ့ပြီး ၄ နာရီ ၁၅ မိနစ်မှစကာ လေပြင်းများပါလာကာ တစ်နာရီ မိုင် ၄၀ နှုန်းမှ ၄၅ မိုင်အထိ တိုက်ခတ်သဖြင့် မြို့ပေါ်ရှိ ဈေးဆိုင်ခန်းများနှင့် နေအိမ်အချို့၏ သွပ်မိုးများလန်ထွက်ခဲ့သည်။ ထို့အပြင် သစ်ပင်ကြီးများကျိုးပျက်လဲကျမှုကြောင့် လျှပ်စစ်ဓာတ်ကြိုးများ ပြတ်တောက်ခဲ့သည်။ ထိုနေ့ ညနေ ၄ နာရီ မိနစ် ၃၀ တွင် ဖျူးအရှေ့ကျေးရွာအုပ်စု အုတ်ကျင်းရွာနေ မစုစုလတ် အသက် (၂၈) နှစ်သည် အဖော်နှစ်ဦးနှင့်အတူ သဲသောင်ပြင်၌ ပဲတီ အပင်ပေါက်များ သွားရောက်ဖော်ယူစဉ် ရုတ်တရက် မိုးပြင်း လေပြင်းကျသဖြင့် စိုက်ခင်းတဲအတွင်း ခေတ္တဝင်ရောက်မိုးခိုရာ မိုးကြိုးပစ်ခံရသဖြင့် မစုစုလတ်မှာ နေရာတွင် ပွဲချင်းပြီးသေဆုံးသွားသည်။ အဖော်ပါသူ ဒေါ်တင်ထွေးမှာ ဒဏ်ရာရရှိသဖြင့် ဖျူးဆေးရုံ၌ အတွင်းလူနာအဖြစ် ကုသထားရပြီး မောင်အရင်းဖြစ်သူ မောင်ရဲသီဟ (၂၀) နှစ်မှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။ **(၁၁၃)**

မြန်မာ့အလင်း မှုခင်းသတင်း

ခဲ့ထိဖမ်းဆီးရမိ

လက်ပံတန်း မေ ၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့တွင် လောင်းကစားမှုများ ပပျောက်ရေးအတွက် လက်ပံတန်းရဲစခန်းမှ ဒုတိယရဲအုပ် ကျော်ဇင်ဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မေ ၂ ရက် မွန်းလွဲ ၂ နာရီခန့်က လက်ပံတန်း - သာရဝေါ လမ်းမကြီး ဆင်ကူးရွာအနီး၊ သာရဝေါဘက်မှ လက်ပံတန်းဘက်သို့ မောင်းနှင်လာသည့် လော့ဂျာ အနက်ရောင် မော်တော်ဆိုင်ကယ် အမှတ် ပမ/. . . အား သက်သေများနှင့်အတူ ရပ်တန့်ရှာဖွေရာ ဆိုင်ကယ် မောင်းနှင်လာသည့် မောင်နိုင် (ဘ) ဦးစောသန်း အသက်(၃၆)နှစ် ဘီးလင်းကျေးရွာ သာယာဝတီမြို့နေသူ လွယ်ထားသည့် လွယ်အိတ်အတွင်းမှ ခဲ လောင်းကစားရာတွင် အသုံးပြုသည့် အကွက်စာအုပ်သုံးအုပ်နှင့်အတူ လောင်းကြေးငွေများ ရှာဖွေ သိမ်းဆည်းရမိသဖြင့် လက်ပံတန်း ရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ **(၀၉၈)**

မလှိုင်မြို့နယ်တွင် နှစ်လုံး သုံးလုံးရောင်းသူ ဖမ်းဆီး

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဆည်တိုကျေးရွာတွင် မေ ၁ ရက်က မိတ္ထီလာခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့သည် ရပ်ကွက်တာဝန်ရှိသူများနှင့်အတူ သတင်းအရ ဆည်တိုကျေးရွာအုပ်စု ဝါးသုံးတောကျေးရွာနေ ဦးသန်းထွန်း၏စားသောက်ဆိုင်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါဆိုင်တွင် သံဘိုကျေးရွာနေ နှစ်လုံးသုံးလုံးရောင်းသူ မောင်မွေး အသက် (၄၂) နှစ်၊ မျိုးမြင့်အောင် အသက် (၂၅) နှစ်တို့အား နှစ်လုံး သုံးလုံးလောင်းကစားစာရွက်စာတမ်းများနှင့်အတူ လောင်းကြေးငွေကျပ် ၅၀၄၀၀ ကို ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား သက်ဆိုင်ရာက ဖမ်းဆီးအရေးယူထားကြောင်း သိရှိရသည်။ **(၀၁၂)**

ဧပြီလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း(၂၇၈)မှု တရားခံ(၃၆၃)ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် မေ ၆

ဧပြီလအတွင်း နိုင်ငံတစ်ဝန်းတွင် မူးယစ်ဆေးဝါးအမှုပေါင်း၂၇၈ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၇ မှု (အလေးချိန် ၁၇၁ ဒသမ ၅၇၇၇ကီလို)၊ ဘိန်းဖြူ ၈၂ မှု (အလေးချိန် ၁ ဒသမ ၀၇၄၄ ကီလို)၊ ဘိန်းဆီခဲ ၅ မှု (အလေးချိန် ၀ ဒသမ ၅၈၈၆ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၁ မှု (အလေးချိန် ၄ ဒသမ ၃၁၈၂ ကီလို)၊ ဆေးခြောက် ၁၀ မှု (အလေးချိန် ၄ ဒသမ ၀၁၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀ မှု (၁၈၆၁၇၈ ပြား)၊ ဘိန်းစာမှုန့် ၁၂ မှု (အလေးချိန် ၃၂ ဒသမ ၂၈၃၉ ကီလို)၊ ဘိန်းရည် ၁ မှု (၀ ဒသမ ၀၃ လစ်တာ)၊ အိုက်စ် (၀ ဒသမ ၀၀၂၂ ကီလို)၊ စိတ်ကြွ အကြေ ၂ မှု (၀ ဒသမ ၀၁၈၅ ကီလို)၊ စိတ်ကြွအရည် ၁ မှု (၉ လစ်တာ)၊ ဘိန်းညီမှုန့် ၁ မှု (၅ ကီလို)၊ ကဖင်း ၁ မှု (၁၀ကီလို)၊ ဒိုင်ယာဇီပင်ဆေးပြား ၁ မှု (၈၆၀ ပြား)၊ ဓာတုဆေးမှုန့် (၀ ဒသမ ၅၇၅ ကီလို)၊ ဓာတုဆေးရည် (၀ ဒသမ ၆၅၅ ကီလို)၊ မှတ်ပုံတင်ပျက် ၃ မှု၊ အခြားအမှု ၂ မှု ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

အမှုပေါင်း ၂၇၈ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ(ကျား) ၂၉၄ ဦး၊ (မ) ၆၉ ဦး စုစုပေါင်း တရားခံ ၃၆၃ ဦးတို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုလဲသွယ်စပ်မျိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိ အခြားစပါးများထက် ဈေးနှုန်းပိုမိုရရှိနေ

ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အခြားစပါးမျိုးများထက် အထွက်နှုန်းပိုမိုသည့်အပြင် ဈေးနှုန်းမှာလည်း တင်း ၁၀၀ လျှင် ငွေကျပ် ၇၀၀၀၀ နှုန်း ပိုမိုရရှိနေကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးသော တောင်သူများသို့ ပင်လယ်ကိုးသွယ်ကုမ္ပဏီမှ မျိုးစပါး၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ် ငွေကျပ် ၅၀၀၀၀ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၆၀၀၀၀ နှုန်းဖြင့် စုစုပေါင်းနွေစပါး ၁၅၅ ဧကအတွက် ကျပ်သိန်းပေါင်း ၂၅၀ ခန့်ကို အတိုးမယူဘဲ စတင်စိုက်ပျိုးချိန်မှစ၍ ထုတ်ပေးခဲ့ပြီး ထွက်ရှိလာသော ပုလဲသွယ်စပ်မျိုးစပါးများကို တင်း ၁၀၀ လျှင် ငွေကျပ် ၃၆၀၀၀၀ နှုန်းဖြင့် ပိုမိုပေး၍ ဝယ်ယူလျက်ရှိသည်။ *စာမျက်နှာ ၁၀ ကော်လံ ၆* ◆

မန်စီးတီးက နယူးကာဆယ်ကို အနိုင်ကစား ပရီမီယာလိဂ်ဖလားအိပ်မက် ရှင်သန်နိုင်ပြီ

လန်ဒန် မေ ၆

နယူးကာဆယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ မေ ၆ ရက်က နယူးကာဆယ်အိမ်ကွင်းမှာ ပရီမီယာလိဂ်ပွဲစဉ်(၃၇)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးက တိုက်စစ်မှူး ယာယာတိုရေးရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရပြီး ဒီနှစ် ပရီမီယာလိဂ်ဖလားအိပ်မက် ခိုင်မာရှင်သန်သွားခဲ့ပြီဖြစ်ပါတယ်။

နှစ်သင်းစလုံး ပထမပိုင်းမှာ အကြိတ်အနယ်ကစားခဲ့ကြပေမယ့် အမှားအယွင်းနည်းတာကြောင့် ဂိုးမရဖြစ်ခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ နှစ်သင်းစလုံး ဂိုးပေါက်တည့်ကန်သွင်းမှုတွေ ပိုရလာပါတယ်။

အာကာကျော် ➢ ရေးသားသည်

ပွဲချိန် မိနစ် ၇၀ မှာတော့ ယာယာတိုရေးက နယူးကာဆယ်အသင်းရဲ့ဘီးကုပ်အပြင်ဘက်မှ အမှတ်မထင်ကန်သွင်းလိုက်တာကြောင့် နယူးကာဆယ်ဂိုးသမားမှင်တက်မိပြီး ဂိုးဝင်သွားကာ မန်စီးတီးတို့ ဗွေဆော်ဦးဂိုးရရှိသွားပါတယ်။

မန်စီးတီးက နယူးကာဆယ်နောက်တန်းကို ဆက်လက် ခြိမ်းခြောက်ကစားခဲ့ပြီး ပွဲချိန် ၇၄ မိနစ်မှာ မန်စီးတီးအသင်းတိုက်စစ်မှူးအဂူရို အပိုင်ကန်သွင်းခဲ့ပေမယ့် *စာမျက်နှာ ၁၀ ကော်လံ ၃* ❍

မန်စီးတီး အတွက် အဖွင့်ဂိုးကို ယာယာ တိုရေးက ဤသို့ သွင်းယူ ပေးခဲ့သည်။

စကိတ်ဝတ်စုံနဲ့ ဖျော်ဖြေတဲ့ မာရိုင်းကာရေး

ဗီယင်နာ မေ ၆

ကမ္ဘာကျော်အဆိုတော် မာရိုင်းကာရေးနဲ့ နစ်ကင်နွန်တို့ဟာ မကြာမီက ပြင်သစ်နိုင်ငံ ပါရီမြို့မှာ နှစ်ပတ်လည်မင်္ဂလာပွဲအခမ်းအနားကို ကျင်းပခဲ့ကြပါတယ်။

သူတို့ဇနီးမောင်နှံဟာ ယခုအခါမှာတော့ ဥရောပတစ်ခွင်မှာ လှည့်လည်ဖျော်ဖြေလျက်ရှိကြပါတယ်။ မေ ၅ ရက်ညက ဩစတြီးယားနိုင်ငံ အီချီမြို့ရှိ အိုင်ဒဲလ်စကိတ်အပန်းဖြေစခန်းမှာ သီဆိုဖျော်ဖြေခဲ့ကြပါတယ်။

ကြည့်ရှုအားပေး

*မာရိုင်းကာရေး **(ယာပုံ)**နဲ့ ခင်ပွန်းဖြစ်သူ နစ်ကင်နွန်တို့ဟာ ဒီဖျော်ဖြေပွဲမှာ ထူးထူးခြားခြား စကိတ်အားကစားသမားဝတ်စုံတွေ ဝတ်ဆင်ပြီး သီဆိုခဲ့ကြပါတယ်။ ရာပေါင်းများစွာသော စကိတ်စီးအားကစားဝါသနာရှင်များက ဒီဖျော်ဖြေပွဲကို လာရောက်ကြည့်ရှုအားပေးခဲ့ကြပါတယ်။ မာရိုင်းကာရေးဟာ အမေရိကန်သားနှင့်သမီးကို မွေးဖွားခဲ့တဲ့ အဆိုတော်တစ်ဦးဖြစ်ပါတယ်။* ***(အင်တာနက်)***

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

❒ အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံတကာလေဆိပ်သစ် ကာရာဝမ်တွင် တည်ဆောက်မည် စာ-၄

❒ အန္တရာယ်ကြီးမားသည့် ချူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စာ-၅

❒ ဝယ်လ်တာဝိတ်တန်း ခါးပတ်လုပွဲ မေဝဲသား အမှတ်ဖြင့် အနိုင်ယူ စာ-၆

❒ ချယ်လ်ဆီး ယာယီနည်းပြ ဒီမတ်တီယို အမြဲတမ်းနည်းပြဖြစ်လာရန် နီးလာပြီ စာ-၆

အာကာသသိပ္ပံ

ပထမဆုံးပုဂ္ဂလိကကုန်တင်အာကာသယာဉ် လာမည့် မေ ၁၉ ရက်တွင် လွှတ်တင်မည်

ကိတ်ကာနေဗယ် မေ ၆

အမေရိကန်ပုဂ္ဂလိကကုမ္ပဏီတစ်ခုသည် နိုင်ငံတကာအာကာသစခန်း(အိုင်အက်စ်အက်စ်)သို့ ကုန်တင်အာကာသယာဉ် လွှတ်တင်သွားမည်ဖြစ်ကြောင်း မေ ၆ ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြထားသည်။ **(အပေါ်ပုံ)**

Space X ဟု လူသိများကျော်ကြားသည့် အာကာသစူးစမ်းလေ့လာရေးကုမ္ပဏီက လာမည့် မေ ၁၉ ရက်တွင် ၎င်း၏ဖော်ကွန်ဒိုးပုံနှင့် ဒရက်ကွန်ဒိုးပုံထိပ်ဖူးကိုသုံးပြီး *စာမျက်နှာ ၁၀ ကော်လံ ၅* ✱

အင်းလေးကန် စိမ်းလန်းစိုပြည်ရေး စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိ

ညောင်ရွှေ မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆည်မြောင်းဦးစီးဌာနက အထူးအရေးပါသော လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန်အစဉ်စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် အင်းလေးကန်အစဉ်အမြဲသာယာလှပရေး၊ အင်းလေးကန် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်ဂေဟစနစ်များ မပျက်သုဉ်းစေရေး၊ အင်းလေးကန် အရှည်သဖြင့် တည်တံ့စေရေးအတွက် ဆည်မြောင်းဦးစီးဌာနက စူးစမ်းလေ့လာတိုင်းတာခြင်း၊ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ ထိန်းသိမ်းခြင်း၊ အင်းလေးကန်အတွင်း လိုအပ်သည့်နေရာများတွင် သဲနုန်းတူးဖော်ခြင်း၊ အဓိကရေလမ်းတစ်လျှောက် ရေလမ်းအမှတ်အသားပြုလုပ်ခြင်း၊ ရှင်းလင်းပြီး ကျွန်းမျောရိုင်းများအား *စာမျက်နှာ ၁၀ ကော်လံ ၃* ❒

သတင်းဆောင်းပါး ကိုတင်လှိုင်(မိတ္ထီလာ)

ဓာတ်ပုံ ဆည်မြောင်း(စက်မှုဌာနခွဲ)

အင်းလေးကန်အတွင်း၌ ခေတ်မီ သောင်တူးစက်ဖြင့် သောင်တူးနေစဉ်။